First ELEVEN SPORTS JOURNAL
NO.25 VOLUME 14 21 - 11 - 2013 THURSDAY



၂၀၁၄ကမ္ဘာ့ဖလားခြေစစ်ပွဲ (Play-Off ပွဲစဉ်များ)
ဥရောပဇုန်(ဒုတိယအကျော့)
၁၉-၁၁-၂၀၁၃
ရိုမေးနီးယား - ဂရိ
ဆွီဒင် - ပေါ်တူဂီ
ပြင်သစ် - ယူကရိန်း
ခရိုအေးရှား - အိုက်စလန်

# အနုတ်ပြလာတဲ့ ပြင်သစ်ဘောလုံးနဲ့ ရှောင်လွှဲရမယ့် ကမ္ဘာ့ဖလားအိပ်မက်ဆိုး



၁၉၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်လက်ရွေးစင်အသင်း ဗိုလ်စွဲခဲ့ချိန်က အိမ်ရှင်အခွင့်အရေးကြောင့်လို့ ဝေဖန်သူတွေရှိခဲ့ပါတယ်။ ဒီပြိုင်ပွဲအပြီးကစားခဲ့တဲ့အဓိကနိုင်ငံတကာပြိုင်ပွဲကြီးတစ်ခုဖြစ်တဲ့ ယူရို-၂၀၀၀ပြိုင်ပွဲမှာ ပြင်သစ်အ သင်းဟာ ဟော်လန်မြေမှာချန်ပီယံဆုရယူပြီး ဝေဖန်သူတွေကိုအသံတိတ်စေခဲ့ပါတယ်။ ဇီဒန်း၊ အွန်နရီ၊ ဒက်ဆယ်လီ၊ ဗီယာရာ၊ သူရမ်၊ လီဇာရာဇူတို့က အစပြုပြီး မက်ခ်ီလီလီ၊ ပီးလ်တော့ဒ်၊ ပီရက်စ်၊ ထရာဇီဂေး၊ အီဗရာ၊ မာလူဒါ၊ အဘီဒယ်လ်၊ ဘန်ဇီမာ၊ ရီဘာရီအစရှိတဲ့ ပြင်သစ်ဘောလုံးသမားတွေဟာလည်း ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်မှာ ထင်ရှားကျော်ကြားလာကြပြီး ပုဂ္ဂိုလ်ရေးအောင်မြင်မှုတွေသာမက သူတို့ရဲ့ကလပ်အသင်းတွေကိုပါ အောင်မြင်မှုတွေရအောင်စွမ်းဆောင်ပေးနိုင်ခဲ့ကြပါတယ်။ ၂၁ ရာစုအစောပိုင်းမှာ ကမ္ဘာ့ဘောလုံးလောကကိုလွှမ်းမိုးနိုင်ခဲ့တဲ့ ပြင်သစ်ဘောလုံးလောကဟာ အမြင့်မားဆုံးအောင်မြင်မှုတွေကို ရယူခဲ့ပြီး ဆယ်စုနှစ်တစ်စုကြာလာတဲ့အချိန်မှာတော့ အဆိုးရွားဆုံးအခြေအနေတစ်ရပ် ကို ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ ပြင်သစ်ဘောလုံးလောကရဲ့ ကျဆင်းမှုတွေက ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ နည်းပြဟောင်း ဒိုမီနစ်ချ်လက်ထက်က စတင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ အသင်းမှာ အနယ်လ်ကာ၊ အီဗရာ၊ နာဆရီ အစရှိတဲ့ ကစား သမားတွေနဲ့ မပြေမလည်ဖြစ်ခဲ့ပြီး အသင်းသားတွေရဲ့ ပုန်ကန်မှုကို ရင်ဆိုင်ခဲ့ရတဲ့ ဒိုမီနစ်ချ်နေရာမှာ နောက်ခံလူဟောင်း လောရင့်ဘလန့် ဝင်လာခဲ့တော့လည်း လူမျိုးရေးခွဲခြားလိုတဲ့ သူ့ရဲ့မှတ်ချက်စကားတွေကြောင့် အသင်းဟာမတည်မငြိမ် ဖြစ်ခဲ့ရပါတယ်။

လက်ရှိအချိန်မှာလည်း ပြင်သစ်ဘောလုံးလောကဟာ လူမျိုးရေးခွဲခြားမှုပြဿနာ၊ အခွန်ပြဿနာတွေအကြား မလှုံးသာမလွန့်သာအခြေအနေကိုရောက်နေပြီး သမ္မတဖြစ်သူအော်လွန်းပါ အခွန်ပြဿနာတွေအကြားဝင်ပါနေရတဲ့ အခြေအနေကိုရောက်ရှိနေပါတယ်။ ပြင်သစ်လက်ရွေးစင်အသင်းဟာ လက်ရှိဖီဖာကမ္ဘာ့အဆင့်မှာ ၂၀၁၀ စက်တင်ဘာလနောက်ပိုင်း အဆိုးရွားဆုံးအခြေအနေဖြစ်တဲ့ အဆင့်(၂၁)အထိကို ရောက်ရှိနေသလို ကလပ်အသင်းဘောလုံးလောက ကလည်း ရှုပ်ထွေးမှုတွေများစွာနဲ့ရင်ဆိုင်နေရတဲ့ အနေအထားပါ။ ဒီအခြေအနေမှာ ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲနောက် ဆုံး Play off ပထမအကျော့မှာ ယူကရိန်းကို (၂-၀)ဂိုးနဲ့ရှုံးနိမ့်ခဲ့တာကြောင့် ပြင်သစ်ဘောလုံးလောကရဲ့အခြေအနေက အဆိုးရွားဆုံးအခြေအနေလို့ဆိုနိုင်ပါတယ်။ အခုအင်္ဂါနေ့ (နိုဝင်ဘာ ၁၉)မှာ ပြင်သစ်အသင်းဟာ အိမ်ကွင်းမှာယူကရိန်း အသင်းကို ဒုတိယအကျော့ပွဲစဉ်အဖြစ်လက်ခံကစားရမှာဖြစ်ပြီး ပထမအကျော့ရလဒ်ကိုချေဖျက်နိုင်ဖို့လိုအပ်နေပါတယ်။

ဥရောပဘောလုံးလောကကို ဦးစီးဦးဆောင်ပြုနေသူက ပြင်သစ်လူမျိုးပလာတီနီဖြစ်ပြီး၊ လက်ရှိဥရောပအကောင်းဆုံးဘော လုံးသမားဆုရ ရီဘာရီက အခုနှစ်ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်လာဖို့တောင် ရေပန်းစားနေပေမယ့် ပြင်သစ် လက်ရွေးစင်အသင်းကတော့ လာမယ့် ၂၀၁၄ ကမ္ဘာ့ဖလားမှာ ပါဝင်ခွင့်မရမယ့်တစ်သင်းတည်းသော အသင်းကြီးဖြစ်လာ မယ့်အန္တရာယ်နဲ့ကြုံတွေ့နေရပါတယ်။

၁၉၉၈ ကမ္ဘာ့ဖလား၊ ယူရို-၂၀၀၀ ပြိုင်ပွဲတွေမှာ ပြင်သစ်အသင်းဗိုလ်စွဲအောင် အသင်းခေါင်းဆောင်နေရာက ဦးဆောင်မှုပေးနိုင်ခဲ့တဲ့ လက်ရှိနည်းပြဒီဒီယာ ဒက်ချမ့်စ်အနေနဲ့ ပြင်သစ်ဘောလုံးလောကရဲ့ အဆိုးရွားဆုံးအခြေအနေဖြစ်လာမယ့် ကမ္ဘာ့ဖလားလွဲချော်မှုကို မကြုံတွေ့အောင်၊ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲက တစ်ချိန်က ခြေစစ်ပွဲမအောင်မြင်ခဲ့တဲ့ ၁၉၉၀၊ ၁၉၉၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွေလို ပြင်သစ်တို့ရဲ့ ကမ္ဘာ့ဖလားအိပ်မက်ဆိုးထပ်မဖြစ် အောင် စွမ်းဆောင်ပေးနိုင်မလားဆိုတာကတော့ . . .

http://www.first-11.com

First ELEVEN SPORTS JOURNAL

# ဂျွန်တယ်ရီအား အင်္ဂလန်လက်ရွေးစင်အဖြစ် ပြန်လည်ရွေးချယ်ရန် နည်းပြဟော့ဒ်ဆန်အား အချက်အလက်စစ်တမ်းများကဆွဲဆောင်နေ

## လက်ရှိအင်္ဂလန်နောက်ခံလူများနှင့်နှိုင်းယှဉ်လျှင် တယ်ရီကို လိုက်မီနိုင်သူမရှိ

အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရှိုင်းဟော့ဒ်ဆန်အနေဖြင့် သူ၏အင်္ဂလန်အသင်းတွင် ချယ်လ်ဆီးနောက်ခံလူဂျွန်တယ်ရီကို ပြန်လည်ရွေးချယ်ရန် အချက်အလက်စစ်တမ်းများက ဆွဲဆောင်လျက်ရှိနေကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။ တယ်ရီသည် ၂၀၁၂ စက်တင်ဘာလအတွင်းက လက်ရွေးစင်အသင်းမှအနားယူမည်ဟု တရားဝင်ကြေညာခဲ့သူဖြစ်သည်။

အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင်ဂျွန်တယ်ရီသည် ချယ်လ်ဆီးအသင်းဖော်ဟောင်း ဝိန်းဘရစ်ချ်၏ချစ်သူ ပါရွန်ဆယ်နှင့်ဖြစ်ပွားခဲ့သော လူမှုရေးအရှုပ်တော်ပုံ၊ QPR နောက်ခံလူအန်တန်ဖာဒီနန်နှင့်ဖြစ်ပွားခဲ့သော လူမျိုးရေးခွဲခြားမှုပြဿနာတို့ကြောင့် သူ၏အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝမှာလှုပ်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး လက်ရွေးစင်အသင်းခေါင်းဆောင်ရာထူးကို ဆုံးရှုံးရရုံသာမက နိုင်ငံတကာကစားသမားဘဝကိုပါထိခိုက်လာခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် အင်္ဂလန်ကစားသမားဘဝမှအနားယူပြီးဖြစ်သော ဂျွန်တယ်ရီ(၃၂နှစ်)ကို နည်းပြရှိုင်းဟော့ဒ်ဆန်အနေဖြင့် ပြန်လည်ခေါ်ယူသင့်ကြောင်း အချက်အလက်စစ်တမ်းများက ဆွဲဆောင်နေသည်ဟု Daily Mail သတင်းစာက ဖော်ပြခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့်သောကြာနေ့က နိုင်ငံတကာခြေစမ်းပွဲတွင် ချီလီအသင်းကို အိမ်ကွင်း၌(၀-၂)ဂိုးဖြင့်ရှုံးနိမ့်ခဲ့ရပြီး နောက်တန်းကစားသမားများမှာ အားနည်းချက်များရှိခဲ့ရာ လက်ရှိအင်္ဂလန်နောက်ခံလူများနှင့် တယ်ရီ၏စွမ်းဆောင်ရည်ကို Daily Mail ဆောင်းပါးရှင်ချာလီစကေလန်က နှိုင်းယှဉ်ဖော်ပြခဲ့ခြင်းဖြစ်သည်။ ၎င်း၏ဖော်ပြချက်အရ အင်္ဂလန်နောက်ခံလူများထဲတွင် လေထဲမှဘောလုံးကို ခန့်၍ခေါင်းဖြင့်ဖျက်ထုတ်ရာ၌ တယ်ရီမှာ အကောင်းဆုံးစွမ်းဆောင်နိုင်သလို၊ အသင်းဖော်များထံသို့ ဘောလုံးပေးပို့ရာတွင်လည်း တယ်ရီမှာ အတိကျဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ပြင် နောက်တန်းမှ ရှေ့တန်းသို့ ဘောလုံးပေးပို့ရာတွင် တယ်ရီမှာ အကြိမ်များစွာပေးပို့ပြီး မိမိအသင်း၏တိုက်စစ်ကို ပြန်လည်စတင်ရန်အတွက် များစွာအကျိုးပြုခဲ့ကြောင်းလည်း ရုပ်ပုံများနှင့်တကွ ဖော်ပြခဲ့သည်။ ပြီးခဲ့သည့် ဝက်စ်ဘရွန်းအသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်၊ ရော်လ်ကာအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်များတွင် တယ်ရီ၏ဘောလုံးပေးပို့ပုံများမှာ အင်္ဂလန်-ချီလီခြေစမ်းပွဲတွင် နောက်ခံလူ ဖီးလ်ဂျုံးစ်၊ ဂယ်ရီကာဟေးလ်တို့၏ဘောလုံးပေးပို့ပုံနှင့်နှိုင်းယှဉ်ပါက များစွာကွာခြားမှုရှိကြောင်းကို ၎င်းရုပ်ပုံများက ထင်ဟပ်စေခဲ့သည်။

ထို့ပြင် အသက်(၃၂)နှစ်အရွယ်ရှိ တယ်ရီအနေဖြင့် ယခုနှစ်ရာသီတွင် ကြံ့ခိုင်မှုပြည့်ဝစွာဖြင့်ကစားနိုင်ပုံကိုလည်း အခြားအင်္ဂလန်နောက်ခံလူများနှင့် ဆောင်းပါးရှင်က နှိုင်းယှဉ်ဖော်ပြခဲ့သည်။ တယ်ရီသည် ယခုနှစ်ဘောလုံးရာသီ၌ ပရီးမီးယားလိဂ်တွင် မိနစ်ပေါင်း(၉၉၀)ကြာကစားထားပြီး ၎င်းမှာ ကစားသမားတစ်ဦးအတွက် အချိန်အများဆုံးကြာမြင့်စွာကစားခြင်းဖြစ်သလို၊ အခြားအင်္ဂလန်နောက်ခံလူများဖြစ်သည့် ဒေါ်ဆင်၊ ဂျာဂယ်လ်ကာ၊ ကော်လ်ကာ၊ ရှောခရော့စ်တို့နှင့် တန်းတူအနေအထားတွင်ရှိသည်ဟု ချာလီစကေလန်က ဖော်ပြခဲ့သည်။

| လေထဲတွင် ဘောလုံးဖျက်ထုတ်/ရယူနိုင်မှု | |
|---|---|
| ကစားသမား | ရာနှုန်း |
| တယ်ရီ | ၇၃ · ၆% |
| ဂျာဂယ်လ်ကာ | ၇၁ · ၁% |
| ရှောခရော့စ် | ၆၉ · ၅% |
| မီကာရစ်ချတ် | ၆၇ · ၉% |
| ဂယ်ရီကာဟေးလ် | ၆၆ · ၀% |
| လက်စ်ကော့ | ၆၁ · ၀% |
| စမောလင်း | ၆၀ · ၀% |
| ကော်လ်ကာ | ၆၃ · ၈% |
| ဒေါ်ဆင် | ၅၄ · ၇% |
| ဖီးလ်ဂျုံးစ် | ၅၄ · ၄% |

| ဘောလုံးပေးပို့ရာတွင် တိကျမှု | |
|---|---|
| ကစားသမား | ရာနှုန်း |
| တယ်ရီ | ၉၁ · ၇% |
| မီကာရစ်ချတ် | ၉၀ · ၁% |
| ဖီးလ်ဂျုံးစ် | ၈၉ · ၉% |
| လက်စ်ကော့ | ၈၈ · ၆% |
| ဂယ်ရီကာဟေးလ် | ၈၈ · ၂% |
| ဂျာဂယ်လ်ကာ | ၈၅ · ၇% |
| ဒေါ်ဆင် | ၈၄ · ၇% |
| စမောလင်း | ၇၉ · ၈% |
| ကော်လ်ကာ | ၇၅ · ၈% |
| ရှောခရော့စ် | ၇၄ · ၇% |



## BRIEF

❒ တင်ပါးဒဏ်ရာကြောင့် ယခုနှစ်ရာသီတွင် ဝက်စ်ဟမ်းအသင်းအတွက် တစ်ပွဲမှပါဝင်ကစားနိုင်ခြင်းမရှိသေးသည့် တိုက်စစ်မှူးကာရိုးလ်သည် ယခုအခါ ဒဏ်ရာမှပြန်လည်သက်သာလာပြီဖြစ်ပြီး လာမည့်ဒီဇင်ဘာလ(၁၂)ရက်နေ့တွင် ဆန်းဒါးလန်အသင်းနှင့်ကစားမည့်ပွဲ၌ ပြန်လည်ကစားနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

❒ အာဆင်နယ်၊ စပါး၊ အက်သလက်တီကိုစသည့်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု သတင်းများထွက်ပေါ်နေသူ တိုက်စစ်မှူးဟာနန်ဒက်ဖ်အား မန်ယူအသင်းက စာချုပ်သက်တမ်းတိုးရန်စီစဉ်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

❒ နယူးကာဆယ်အသင်းနောက်ခံလူစတီဗင်တေလာသည် အသင်းဖော်ဖြစ်သူ ဟိုင်ဒါရာအား Twitter မှတစ်ဆင့်နောက်ပြောင်ခဲ့ရာတွင် လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းအချို့ပါဝင်ခဲ့သည့်အတွက် ပြန်လည်တောင်းပန်ခဲ့ရကြောင်းသိရသည်။

## ချီလီနှင့်ပွဲတွင် အင်္ဂလန်အသင်းကို ပရိသတ်များလှောင်ပြောင်ခဲ့ကြ

ပြီးခဲ့သည့်တစ်ပတ်က ဝင်ဘလေကွင်းတွင် ချီလီအသင်းကိုရှုံးနိမ့်ခဲ့သည့်ခြေစမ်းပွဲ၌ အင်္ဂလန်အသင်းမှာ ပရိသတ်များ၏ လှောင်ပြောင်မှုနှင့်ရင်ဆိုင်ခဲ့ရကြောင်းသိရသည်။

အဆိုပါပွဲတွင် အင်္ဂလန်အသင်းမှာ ချီလီတိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်၏ သွင်းဂိုးများဖြင့်ရှုံးနိမ့်ခဲ့ပြီး ပွဲအပြီး၌ ယင်းရလဒ်အပေါ် မကျေမနပ်ဖြစ်နေသည့် အသင်းပရိသတ်များက အော်ဟစ်လှောင်ပြောင်မှုများပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင်အင်္ဂလန်အသင်းအနေဖြင့် ယင်းပွဲတွင်ရှုံးနိမ့်ခဲ့ခြင်းကြောင့် ယခုနှစ်အတွင်း ပထမဆုံးရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်းလည်း သိရသည်။ အင်္ဂလန်အသင်းနည်းပြဟော့ဒ်ဆန်ကမူ ပရိသတ်များ၏ လုပ်ရပ်အပေါ် အပြစ်မတင်ခဲ့ဘဲ၊ ပရိသတ်များမှာ ၎င်းတို့အားပေးသောအသင်း ရှုံးပွဲကြုံမည်ကို မလိုလားကြောင်း၊ အင်္ဂလန်ပရိသတ်များ၏ လုပ်ရပ်အပေါ် မိမိအံ့အားသင့်မှုမဖြစ်မိကြောင်း ပြောကြားခဲ့သည်။



# စတုတ်စီးတီးအသင်းနည်းပြဟောင်း တိုနီပူးလစ်အား ခရစ္စတယ်ပဲလေ့စ်နည်းပြသစ်အဖြစ် ခန့်အပ်ရန် နီးစပ်နေ




ခရစ္စတယ်ပဲလေ့စ်အသင်းသည် ရာထူးလစ်လပ်လျက်ရှိနေသော ၎င်းတို့၏ နည်းပြနေရာအတွက် စတုတ်စီးတီးနည်းပြဟောင်း တိုနီပူးလစ်ကို ခန့်အပ်ရန် စီစဉ်နေကြောင်း သိရှိရသည်။ ခရစ္စတယ်ပဲလေ့စ်အသင်း ဥက္ကဋ္ဌဖြစ်သူ စတိဗ်ပါရစ်ရှ်သည် တိုနီပူးလစ်နှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီး သဘောတူညီမှုရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သိရှိရသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြဖြစ်လာရန် ကာဒစ်ဖ်စီးတီးအသင်းနည်းပြ မက်ကေး၊ ရှရားကလပ် နိုင်နမိုမော်စကိုအသင်းနည်းပြ ပီထရက်စကူ၊ ဘန်လေအသင်းနည်းပြ ရှောင်ဒိုချေ၊ အစ်ဝစ်ချ်အသင်းနည်းပြ မစ်မက်ကာသီတို့မှာလည်း ရေပန်းစားနေပြီး စတိဗ်ပါရစ်ရှ်သည် တိုနီပူးလစ်ကို နံပါတ်(၁)ဦးစားပေးအဖြစ်သတ်မှတ်ထားကြောင်းသိရှိရသည်။ ၎င်းနည်းပြများအနက် တိုနီပူးလစ်မှာ လစာငွေအများဆုံးပေးချေရမည့်နည်းပြတစ်ဦးဖြစ်ကြောင်းလည်း သိရှိရသည်။ တိုနီပူးလစ်သည် ဘုန်းမောက်၊ ဂီလင်ဟမ်၊ ဘရစ္စတိုးလ်စီးတီး၊ ပို့စ်မောက်၊ ပလိုင်းမောက်၊ စတုတ်စီးတီးအသင်းများကို ကိုင်တွယ်ခဲ့ဖူးသည့်နည်းပြတစ်ဦးဖြစ်ပြီး နည်းပြသက်တမ်း (၂၀)နှစ်ကြာသက်တမ်းရှိသည့်နည်းပြတစ်ဦးလည်းဖြစ်သည်။

သူသည် စတုတ်စီးတီးအသင်းကို ၂၀၀၆ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ (၇)နှစ်ကြာနည်းပြခဲ့ပြီး ယခုနှစ်မေလအတွင်းက အသင်းနှင့် လမ်းခွဲခဲ့သူလည်းဖြစ်သည်။

< ပရီးမီးယားလိဂ်တွင် ပြန်လည်တွေ့မြင်ရဖွယ်ရှိနေသည့် တိုနီပူးလစ်

## လက်ရွေးစင်အနာဂတ် ဘိုအက်ရှ်ပေါ်မူတည်ဟု ဒီဖိုးဆို

စပါးအသင်း၏ အင်္ဂလန်လက်ရွေးစင်တိုက်စစ်မှူး ဂျာမိန်းဒီဖိုးက မိမိ၏ အင်္ဂလန်လက်ရွေးစင်ကစားသမားဘဝအနာဂတ်နှင့် ၂၀၁၄ ကမ္ဘာ့ဖလားအိပ်မက်မှာ စပါးအသင်းနည်းပြ ဘိုအက်ရှ်ပေါ်တွင် များစွာမူတည်နေသည်ဟု ပြောကြားလိုက်သည်။ ဒီဖိုးက ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင် ရွေးချယ်ခံရရန်မှာ မိမိအနေဖြင့် ကလပ်အသင်းတွင် ပွဲများများကစားခွင့်ရရှိရန် လိုအပ်ကြောင်း၊ ဘိုအက်ရှ်က မိမိကို ယင်းအခွင့်အရေးပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

## ကာဒစ်ဖ်တွင် ရာသီကုန်အထိဆက်ရှိရန် မက်ကေးဆန္ဒရှိ

ကာဒစ်ဖ်စီးတီးအသင်းနည်းပြ မယ်လ်ကီမက်ကေးက သူသည် ကာဒစ်ဖ်စီးတီးအသင်းတွင် အနည်းဆုံးရာသီကုန်အထိ ရှိနေရန် ဆန္ဒရှိကြောင်း ပြောကြားလိုက်သည်။ မက်ကေးသည် ကာဒစ်ဖ်အသင်းတွင် အသင်းပိုင်ရှင်ဖြစ်သူ ဗင်းဆင့်တန်နှင့် ပြေလည်မှုမရှိဟု သတင်းများထွက်ပေါ်နေပြီး ခရစ္စတယ်ပဲလေ့စ်နည်းပြဖြစ်လာဖွယ်ရှိသည်ဟုလည်းသတင်းများထွက်ပေါ်ခဲ့သည်။ သို့ရာတွင် မက်ကေးသည် ခရစ္စတယ်ပဲလေ့စ်အသင်း၏ ဆွေးနွေးရန်ကမ်းလှမ်းမှုကို ငြင်းဆန်ပယ်ချခဲ့ပြီး ကာဒစ်ဖ်အသင်းမှ ထွက်ခွာရန်ဆန္ဒမရှိဟု ပြောကြားခဲ့သည်။

## SHORT

❒ မန်စီးတီးအသင်း၏ တိုက်စစ်မှူး ဇီကိုသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သိရှိရသည်။ ဇီကိုအား ခေါ်ယူရန် ဂျာမန်ကလပ် ဒေါ့မွန်အသင်းနည်းပြ ယာဂင်ကလော့ပ်က စိတ်ဝင်စားနေပြီး အသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် ပိုလန်တိုက်စစ်မှူး လီဝန်ဒေါစကီးနေရာတွင် အစားထိုးရန်ပစ်မှတ်ထားနေကြောင်း သိရှိရသည်။

❒ မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်စ်သည် သူ၏အသင်းဟောင်း အဲဗာတန်အသင်း၏နောက်ခံလူလေတန်ဘိန်းစ်ကို ခေါ်ယူရန် လက်မလျှော့သေးဘဲ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ မိုယက်စ်သည် နောက်ခံလူ အီဗရာ၏နေရာတွင် အစားထိုးရန် လေတန်ဘိန်းစ်ကို ပစ်မှတ်ထားနေပြီး ပေါင်သန်း(၂၀)ဖြင့်ခေါ်ယူနိုင်မည်ဟု ယုံကြည်နေကြောင်းလည်း သိရှိရသည်။

❒ ပရီးမီးယားလိဂ်ကလပ် ဆန်းဒါးလန်းအသင်းနှင့် ဗီလာအသင်းတို့သည် စီးရီးအေကလပ် တိုရီနိုအသင်း၏ နောက်ခံလူ အမ်ဘရိုစီယိုကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရှိရသည်။ အမ်ဘရိုစီယိုသည် တိုရီနိုအသင်းနှင့် စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုမရဘဲ အသင်းမှ ထွက်ခွာရန် စီစဉ်နေသူဖြစ်သည်။

❒ နယူးကာဆယ်အသင်း၏တိုက်စစ်မှူး ရှိုလာအမီယိုဘီက လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် စီစဉ်နေကြောင်း ဝန်ခံပြောကြားခဲ့သည်။ အမီယိုဘီနှင့် နယူးကာဆယ်အသင်းစာချုပ်မှာ ၂၀၁၄ ဇွန်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၎င်းက စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်လိုကြောင်း ပြောကြားခဲ့သည်။

❒ အာဆင်နယ်အသင်းသည် အသင်း၏ ပိုလန်လက်ရွေးစင်ဂိုးသမား ဆဇက်စနီကို စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ကြောင်းသိရှိရသည်။ ၂၀၀၆ ခုနှစ်က ပိုလန်ကလပ် လီဂီယာဝါဆောမှ အာဆင်နယ်သို့ရောက်ရှိလာသည့် ဆဇက်စနီက အသင်းတွင် ကာလရှည်ဆက်ရှိနေမည့်အတွက် ပျော်ရွှင်မိသည်ဟု အာဆင်နယ်အသင်းဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့သည်။

❒ ဝက်စ်ဘရွန်းအသင်း၏ တိုက်စစ်မှူး ရှိန်းလောင်းက သူသည်လာမည့်ဆောင်းရာသီအပြောင်းအရွှေ့ကာလ၌အသင်းပြောင်းမည်မဟုတ်ဟု ပြောကြားလိုက်သည်။ ရှိန်းလောင်းအား ဟားလ်စီးတီးအသင်းက ခေါ်ယူရန် ကြိုးစားနေသည်။

# ပရီးမီးယားလိဂ်သို့တန်းပြန်မတက်လျှင် QPRအသင်း ဘဏ္ဍာရေး စည်းမျဉ်းသစ်အရ ဖြိတိန်စံချိန်တင်ဒဏ်ကြေးငွေချမှတ်ခံရဖွယ်ရှိ

လိဂ်ချန်ပီယံရှစ်ကလပ် QPR အသင်းသည် လာမည့်ရာသီတွင် ပရီးမီးယားလိဂ်သို့ တန်းပြန်တက်အောင်မစွမ်းဆောင်နိုင်ပါက ဗြိတိန်ဘောလုံးလောက၏ အကြီးမားဆုံးစံချိန်တင်ဒဏ်ငွေကို ချမှတ်ခံရဖွယ်ရှိနေကြောင်း သိရှိရသည်။

QPR အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်တွင်အဆင့်(၂၀)သာရရှိခဲ့ခြင်းကြောင့် လိဂ်ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့ရခြင်းဖြစ်ပြီး အသင်းမှာလည်း ငွေကြေးပေါင်သန်း(၈၀) ထုတ်ပြန်ခဲ့ပြီး ၎င်းစည်းမျဉ်းသစ်မှာ ၂၀၁၅ ဇန်နဝါရီလမှစတင်၍ အသက်ဝင်မည်ဖြစ်သည်။ ၎င်းစည်းမျဉ်းတွင်လိဂ်ကလပ်အသင်းများအနေဖြင့် ငွေကြေးကိုမှုတစွာသုံးစွဲရန်စည်းကမ်းများတင်းကျပ်ထားပြီး အရှုံးငွေများပြားခြင်းကို ခွင့်မပြုသည့်အချက်များပါဝင်သည်။

လိဂ်ချန်ပီယံရှစ်ကလပ်အသင်းများအနေဖြင့် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ပေါင်(၁၈)သန်းအထိသာ ရှုံးခွင့်ရှိပြီး အကယ်၍ ယင်းပမာဏထက်ပို၍ ရှုံးပါက

### လက်ရှိ QPR အသင်းမှ လစာငွေမြင့်မားသော ကစားသမားအချို့

ဂျူလီယိုဆီဆာ (ဘရာဇီးလ်)၊ ရစ်ချတ်ဒန်း (အိုင်ယာလန်)၊ အွန်ယီဝူ (အမေရိကန်)၊ အီကော်တို (ကင်မရွန်း)၊ ရှောင်ရိုက်ဖီးလစ် (အင်္ဂလန်)၊ ခရန်ကာ (ခရိုအေးရှား)၊ ဇာမိုရာ (အင်္ဂလန်)၊ ဂျာမိန်းဂျီးနပ်စ် (အင်္ဂလန်)

(QPR အသင်းသည် အငှားချထားသည့်ကစားသမားအချို့၏ လစာတစ်စိတ်တစ်ပိုင်းကိုလည်း ပေးချေနေရဆဲဖြစ်သည်)

ခန့်အရှုံးပေါ်ခဲ့သည်။ QPR အသင်းသည် ပက်ဂျီဆန်၊ ဂျူလီယိုဆီဆာ၊ ဂျာမိန်းဂျီးနပ်စ်၊ ရီမီ၊ ဆမ်ဘာ အစရှိသော နာမည်ကျော်ကစားသမားများကို ငွေကြေးများစွာသုံးစွဲ၍ ခေါ်ယူခဲ့ခြင်းနှင့် ၎င်းတို့၏ လစာငွေများကို မြောက်မြားစွာပေးချေနေရခြင်းအတွက် ဆုံးရှုံးငွေကြီးမားနေရခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရက်များအတွင်းက လိဂ်ချန်ပီယံရှစ်အပါအဝင် အင်္ဂလန်အောက်တန်းလိဂ် (၃)ခုကိုကြီးမှူးသည့် အင်္ဂလန် Football League အဖွဲ့ချုပ်က ဘဏ္ဍာရေးစည်းမျဉ်းသစ် (FFP-Financial Fair Play) ကို ရေးဆွဲ တစ်ပေါင်ရှုံးတိုင်း တစ်ပေါင် ဒဏ်ငွေပေးဆောင်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ QPR အသင်း၏ လက်ရှိအခြေအနေမှာ ယင်းခွင့်ပြုပမာဏထက် ပေါင်သန်း (၆၀) ကျော် ရှုံးနေရာ လိဂ်ချန်ပီယံပြိုင်ပွဲတွင် ဆက်ရှိနေမည်ဆိုပါက ဒဏ်ငွေအဖြစ် ပေါင်သန်း(၆၀)ကျော်ပေးဆောင်ရမည့် သဘောသို့ သက်ရောက်နေသည်။ လက်ရှိတွင် QPR အသင်းသည် လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲ အမှတ်ပေးဇယား၌ အဆင့်(၃)နေရာတွင် ရပ်တည်နေပြီးဇယားထိပ်မှ ဘန်လေနှင့်(၂)မှတ်သာကွာဟသည့် အနေအထားတွင် ရောက်ရှိနေသည်။

### လိဂ်ချန်ပီယံရှစ်အမှတ်ပေးဇယားထိပ်ဆုံး(၆)သင်း

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁။ | ဘန်လေ | ၁၅ | ၁၀ | ၄ | ၁ | ၂၇ | ၁၀ | ၃၄ |
| ၂။ | လက်စတာစီးတီး | ၁၅ | ၁၀ | ၂ | ၃ | ၂၄ | ၁၅ | ၃၂ |
| ၃။ | QPR | ၁၅ | ၉ | ၅ | ၁ | ၁၇ | ၈ | ၃၂ |
| ၄။ | ဘလက်ပူးလ် | ၁၅ | ၇ | ၆ | ၂ | ၁၉ | ၁၄ | ၂၇ |
| ၅။ | နော်တင်ဟမ်ဖောရက်စ် | ၁၅ | ၇ | ၅ | ၃ | ၂၃ | ၁၆ | ၂၆ |
| ၆။ | ရက်ဒင်း | ၁၅ | ၆ | ၆ | ၃ | ၂၃ | ၁၈ | ၂၄ |

(လိဂ်ချန်ပီယံရှစ်မှ ပရီးမီးယားလိဂ်သို့ အမှတ်ပေးဇယားထိပ်ဆုံးမှ ၂ သင်း တိုက်ရိုက်တန်းတက်မည်ဖြစ်ပြီး အမှတ်ပေးဇယားအဆင့် ၃ မှ အဆင့် ၆ အထိ ၄ သင်းမှာ Play-off ကစားကာ ၁ သင်း တန်းတက်ခွင့်ရရှိမည်ဖြစ်သည်)



QPR အသင်းနည်းပြ ဟယ်ရီရက်နက်ပ်

## BRIEF

❒ နိုက်ဂျီးရီးယားသမ္မတဖြစ်သူ ဂိုးလ့်ဒ်က ၂၀၁၄ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် နိုက်ဂျီးရီးယားလက်ရွေးစင်အသင်းအား ချီးကျူးစကားဆိုခဲ့ပြီး မိမိတို့အသင်းအနေဖြင့် လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဖရိကအသင်းများထဲမှ ကမ္ဘာ့ဖလားချန်ပီယံဆုကို ပထမဆုံးရယူနိုင်သည့် အသင်းအဖြစ်မှတ်တမ်းရေးထိုးနိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့သည်။

❒ ပော်လန်အသင်းနည်းပြ လူးဝစ်ဇန်ဟားလ်က ဂျပန်အသင်းနှင့်ကစားခဲ့သော ခြေစမ်းပွဲတွင် (၂)ဂိုးပြတ်ဖြင့်အနိုင်ရခဲ့ပြီးမှ ချေပဂိုးများပြန်ပေးခဲ့ရပြီး (၂)ဂိုးစီသရေကျခဲ့ခြင်းမှာ မိမိတို့အသင်းအတွက်မဖြစ်သင့်ကြောင်း အသင်းမှကစားသမားများ၏ခြေစွမ်းအား ဝေဖန်ပြောဆိုလိုက်သည်။

❒ ဘရာဇီးလ်အသင်းနည်းပြစကိုလာရီက ဘရာဇီးလ်အသင်းသည် ကမ္ဘာ့ဖလားချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ရန်အတွက် ဖိအားများရှိနေသည်ဟု ဝေဖန်ပြောဆိုမှုများအားတုံ့ပြန်ခဲ့ပြီး မိမိတို့အသင်းမှာ အိမ်ရှင်ပရိသတ်ရှေ့မှောက်တွင် ကမ္ဘာ့ဖလားကို (၆)ကြိမ်မြောက်အဖြစ်ရယူသွားမည်ဖြစ်ကြောင်းကြုံးဝါးပြောဆိုခဲ့သည်။

❒ ပြင်သစ်အသင်းတိုက်စစ်မှူး ဘန်ဇီမာက ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမအကျော့တွင် ယူကရိန်းအသင်းအား ရှုံးနိမ့်ခဲ့၍ ခြေစစ်ပွဲအောင်ရန် အခက်အခဲများနှင့်ရင်ဆိုင်ရမည်ဖြစ်သော်လည်း ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲသို့ မိမိတို့အသင်းဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဟု ယုံကြည်ထားကြောင်း ဝန်ခံပြောကြားခဲ့သည်။

❒ အီတလီအသင်းဝါရင့်ဂိုးသမားဖြစ်သူ ဘူဖွန်က အသင်းအနေဖြင့် လက်ရှိခြေစွမ်းနှင့်ယုံကြည်မှုကိုသာ ဆက်လက်ထိန်းသိမ်းနိုင်မည်ဆိုပါက လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မထင်မှတ်ထားသည်များကို စွမ်းဆောင်နိုင်မည့်အသင်းဖြစ်လာနိုင်ကြောင်း ဂျာမနီအသင်းနှင့် ကစားခဲ့သော ခြေစမ်းပွဲအပြီးတွင် ပြောကြားခဲ့သည်။

# ၂၀၁၃ အာဖရိကတစ်နှစ်တာအကောင်းဆုံးဆုအတွက် ပဏာမ (၂၅)ဦးစာရင်းကို အာဖရိကဘောလုံးအဖွဲ့ချုပ်ထုတ်ပြန်ကြေညာ

အာဖရိကဘောလုံးအဖွဲ့ချုပ် (CAF) သည် ၂၀၁၃ခုနှစ် အာဖရိကတစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ပဏာမ(၂၅)ဦးစာရင်းကို ထုတ်ပြန်ကြေညာလိုက်ကြောင်း AFP သတင်းဌာနမှဖော်ပြခဲ့သည်။

ယခုနှစ်အတွက် ပဏာမစာရင်းတွင် အာဖရိကမှ နာမည်ကျော်ကစားသမားများဖြစ်ကြသည့် ဒရော့ဘာ၊ အဆာမိုဂျန်၊ မီခေးလ်၊ ယာယာတိုရေး၊ အော်ဘာမီယန်း၊ ဂျာဗင်ဟိုစသော ကစားသမားများပါဝင်ခဲ့ပြီး ယာယာတိုရေး၊ မီခေးလ်နှင့် အော်ဘာမီယန်းတို့မှာ မကြာသေးမီကထုတ်ပြန်ခဲ့သော BBC အာဖရိကတစ်နှစ်တာအကောင်းဆုံးဆုအတွက် ပဏာမ(၅)ဦးစာရင်းတွင်ပါဝင်ခဲ့ကြကြောင်းသိရသည်။ ယခုစာရင်း၌ ပြီးခဲ့သည့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော နိုက်ဂျီးရီးယားအသင်းမှကစားသမား(၅)ဦးအထိပါဝင်ခဲ့သော်လည်း ယင်းဆုအတွက် ရေပန်းစားသည့်စာရင်းတွင်မူ ယာယာတိုရေးနှင့် ဒရော့ဘာတို့ အပြိုင်ဖြစ်လျက်ရှိနေသည်။ မန်စီးတီးအသင်းမှ အိုင်ဗရီကို့စ်လက်ရွေးစင် ကွင်းလယ်လူ ယာယာတိုရေးသည် အာဖရိကအကောင်းဆုံးကစားသမားဆုကို နောက်ဆုံး(၂)နှစ်ဆက်ရရှိခဲ့သလို ဂါလာတာစာရေးတိုက်စစ်မှူး ဒရော့ဘာမှာလည်း ၂၀၀၆နှင့် ၂၀၀၉ခုနှစ်များတွင် ဆွတ်ခူးနိုင်ခဲ့သည်။ အာဖရိကအကောင်းဆုံးကစားသမားဆုကို အကြိမ်အများဆုံးရယူထားနိုင်သူများအဖြစ် ချယ်လ်ဆီးအသင်းမှ ကင်မရွန်းလက်ရွေးစင်တိုက်စစ်မှူး အီတူးက၊ ဂါနာ ဂန္ထဝင်တိုက်စစ်မှူးအာဘီဒီပီလီနှင့်အတူ စုစုပေါင်း(၄)ကြိမ်ဖြင့် ဦးဆောင်လျက်ရှိနေသည်။

၂၀၁၃ ခုနှစ်အတွက် အာဖရိကတစ်နှစ်တာအကောင်းဆုံးကစားသမားဆုပေးပွဲအခမ်းအနားကို လာမည့်ဒီဇင်ဘာ(၉)ရက်နေ့တွင် နိုက်ဂျီးရီးယားနိုင်ငံ၊ လာဂို့စ်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

❒❒❒

### ၂၀၁၃ အာဖရိကတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် ပဏာမ(၂၅)ဦးစာရင်း

အာမက်မူဘာ (နိုက်ဂျီးရီးယား/CSKA မော်စကို)၊ အာဆာမိုဂျန်(ဂါနာ/အယ်လ်အိန်း)၊ အန်နီယီ(ဆီနီဂေါ/လိုကိုမိုတစ်မော်စကို)၊ အရူးဘား(အိုင်ဗရီကို့စ်/ဂါလာတာစရေး)၊ အီမန်နိုက်(နိုက်ဂျီးရီးယား/ဒီနီပရိုပက်)၊ ဆာလီဟာနီ(အယ်လ်ဂျီးရီးယား/ဗလင်စီယာ)၊ မီခေးလ်(နိုက်ဂျီးရီးယား/ချယ်လ်ဆီး)၊ ဗီကတိုမိ(ဘာကီနာဖာဆို/ဗြိန်း)၊ ကွန်တော်နီ(ဂိုဒ်/ဘေအီဒီယမ်)၊ အဆာမိုအာ(ဂါနာ/ဂျူဗင်တပ်စ်)၊ ဆိုအာရက်ဖ်(ကိုတ်ဒီဗွာ/ဗီဗီနီယား)၊ ဘီနာတီယာ(ပေါ်တိုကို/ရိုမား)၊ အဘူဘာကာ(အီဂျစ်/အယ်လ်အာလီ)၊ မိုဟာမက်ဆာလာ(အီဂျစ်/ဘေဆယ်)၊ အန်ဂိုလု(ကင်မရွန်း/မာဘေးလ်)၊ အော်ဘာမီယန်း(ဂါဘွန်/ဒေါ့မွန်)၊ မိုင်ယန်မန်အက်ဒ်(ကိုတ်ဒီဗွာ/လိုင်လီ)၊ ဆာလာအင်ဆာက်(ဆီအီယိုပီးယား/ဗီဗီဒက်ကာ)၊ ဆေးဒူကီတာ(မာလီ/ဒိုဗီယန်အာဆင်)၊ စီဒူလီ(အယ်လ်ဂျီးရီးယား/ဗလင်စီယာ)၊ အယ်ဒူး(နိုက်ဂျီးရီးယား/ဒိုနီဒူလစ်)၊ ဝမ်ယာမာ(ကင်ညာ/ဆောက်သမ်တန်)၊ အန်ယီဗာ(နိုက်ဂျီးရီးယား/လိုင်လီ)၊ ဂျာဝင်ဟိုဘီ(အိုင်ဗရီကို့စ်/ရိုမား)၊ ယာယာတိုရေး(အိုင်ဗရီကို့စ်/မန်စီးတီး)


Photo: AFP

၂၀၁၂ ခုနှစ် အာဖရိကတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုပေးပွဲအခမ်းအနားမှမြင်ကွင်း

## ၂၀၁၆ချန်ပီယံလိဂ်ဗိုလ်လုပွဲအား ဆန်စီရိုတွင် ကျင်းပမည်မဟုတ်ဟု UEFA အတည်ပြု

ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)သည် ၂၀၁၆ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲအား အီတလီမှ ဆန်စီရိုကွင်းတွင်ကျင်းပမည်ဆိုသောသတင်းများအား ငြင်းဆန်ပယ်ချလိုက်ကြောင်းသိရသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အီတလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူအဘီတီက မီလန်မြို့၏နာမည်ကျော်ကွင်းဖြစ်သော ဆန်စီရိုကွင်းတွင် ၂၀၁၆ချန်ပီယံလိဂ်ဗိုလ်လုပွဲအား ကျင်းပသွားမည်ဟုကြေညာခဲ့သော်လည်း UEFA မှ ယခုကဲ့သို့ငြင်းဆန်ခဲ့သဖြင့် ၎င်းတို့အတွက်အရှက်ရစရာဖြစ်ခဲ့ရသည်။ UEFAက ၂၀၁၆ချန်ပီယံလိဂ်ဗိုလ်လုပွဲကျင်းပမည့်ကွင်းအားရွေးချယ်နေဆဲဖြစ်ပြီး လာမည့်နှစ်၊ ဆောင်းရာသီကာလမှသာ အပြီးသတ်ဆုံးဖြတ်သွားမည်ဟုထုတ်ပြန်ခဲ့ကြောင်းသိရသည်။

## ရုရှားအသင်းနှင့် နည်းပြကာပယ်လိုတို့ စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်နေ

ရုရှားအသင်းသည် ၎င်းတို့၏နည်းပြဖြစ်သူကာပယ်လိုနှင့် စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်နေပြီဖြစ်ကြောင်း ရုရှားအားကစားဝန်ကြီးဗစ်တာလီမက်ကိုက အတည်ပြုပြောကြားခဲ့သည်။ အသက်(၆၇)နှစ်အရွယ်ရှိပြီဖြစ်သူ အင်္ဂလန်အသင်းနည်းပြဟောင်းကာပယ်လိုသည် ရုရှားအသင်းကို ပြီးခဲ့သည့်နှစ်ဇူလိုင်လအတွင်းက စတင်ကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းအား၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိအောင်စွမ်းဆောင်ပေးခဲ့သည်။ ရုရှားအသင်းအနေဖြင့် လာမည့်တစ်ပတ်အတွင်း ကာပယ်လိုအား စာချုပ်သစ်ချုပ်ဆိုနိုင်ရန်စီစဉ်သွားမည်ဖြစ်ပြီး ကာပယ်လိုသည် ရုရှားနိုင်ငံကအိမ်ရှင်အဖြစ်ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ အသင်းတွင်ဆက်နေဖွယ်ရှိနေကြောင်းသိရသည်။

## နော်ဝေနှင့်ခြေစမ်းပွဲတွင်ဒဏ်ရာရရှိခဲ့သည့် ဒိန်းမတ်ကွင်းလယ်လူအဲရစ်ဆင် (၆)ပတ်ခန့် နားရဖွယ်ရှိ

ပြီးခဲ့သည့်တစ်ပတ်က နော်ဝေအသင်းနှင့်ကစားခဲ့သည့်ခြေစမ်းပွဲတွင် ဒိန်းမတ်ကွင်းလယ်ကစားသမားအဲရစ်ဆင်မှာ ခြေကျင်းဝတ်ဒဏ်ရာရရှိခဲ့ပြီး (၄)ပတ်မှ (၆)ပတ်ခန့်အထိအနားယူရဖွယ်ရှိနေကြောင်းသိရသည်။ အဆိုပါပွဲတွင် အဲရစ်ဆင်သည် နော်ဝေကစားသမားတစ်ဦး၏ ကြမ်းတမ်းသည့်ဖျက်ထုတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ကွင်းအတွင်းမှခြေထောက်နင်းဖြင့်ထွက်ခွာခဲ့ရသည်။ ယခုနှစ်ရာသီအစတွင် စပါးအသင်းသို့ပြောင်းရွှေ့ခဲ့သူ အဲရစ်ဆင်သည် ၎င်း၏ဒဏ်ရာအား စမ်းသပ်စစ်ဆေးမှုများပြုလုပ်မည်ဖြစ်ပြီး ဒိန်းမတ်နည်းပြမော်တင်အော်လ်ဆင်က အဲရစ်ဆင်သည် (၄)ပတ်မှ(၆)ပတ်ခန့်အနားယူရဖွယ်ရှိနေသော်လည်း အတိအကျမပြောနိုင်သေးဟုဆိုခဲ့သည်။

First Eleven Sports Journal Vol:14 No.25 21, November, 2013




# ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့် မြန်မာအားကစားသမားများအတွက် ဂျပန်နိုင်ငံမှ ဒီဇိုင်းရေးဆွဲထားသည့် အားကစားဝတ်စုံများ မိတ်ဆက်လှူဒါန်းပွဲပြုလုပ်



ဂျပန်နိုင်ငံမှ ဒီဇိုင်းရေးဆွဲထားသည့်ဝတ်စုံများကို မြန်မာအားကစားသမားများဝတ်ဆင်ကာ မိတ်ဆက်ပြသနေစဉ် (ဓာတ်ပုံ-သက်ထွန်းအောင်)

(၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြန်မာအားကစားသမားများဝတ်ဆင်ရန် ဂျပန်နိုင်ငံမှ ဒီဇိုင်းရေးဆွဲထားသည့်ဝတ်စုံများအား မိတ်ဆက်လှူဒါန်းပွဲအခမ်းအနားကို ပြီးခဲ့သည့်နိုဝင်ဘာ(၁၆)ရက်က ရန်ကုန်မြို့ရှိ Strand ဟိုတယ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားကိုအားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှတာဝန်ရှိသူများနှင့် ဂျပန်နာမည်ကြီးဒီဇိုင်နာ ဂျန်ကိုကိုရှီနို(Janko koshino)တို့တက်ရောက်ခဲ့ကြောင်း သိရသည်။ ယင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက နိုင်ငံတော်သမ္မတဦးသိန်းစိန်မှပေးအပ်သော သဝဏ်လွှာကိုဖတ်ကြားခဲ့ပြီး ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ ဆီးဂိမ်းစ်ပြိုင်ပွဲကျင်းပခွင့်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား နှုတ်ဆက်စကားပြောကြားသည့် ဗီဒီယိုဖိုင်ကိုပြသခဲ့ကြောင်း သိရသည်။ ယင်းနောက် ဂျပန်ယဉ်ကျေးမှုဂီတအဖွဲ့များက ဖျော်ဖြေခဲ့ကြပြီး ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့်မြန်မာအားကစားသမားများက အားကစားဝတ်စုံများကို သရုပ်ပြဝတ်ဆင်ပြသခဲ့ကြောင်း သိရသည်။

> ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ ဆီးဂိမ်းစ်ပြိုင်ပွဲကျင်းပခွင့်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား နှုတ်ဆက်စကားပြောကြားသည့် ဗီဒီယိုဖိုင်ကိုပြသခဲ့ . . .

ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့်မြန်မာအားကစားသမားများအတွက် အားကစားဝတ်စုံများ ဒီဇိုင်းရေးဆွဲလှူဒါန်းခြင်းကို ၂၀၁၂ ခုနှစ်အတွင်းက နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးရာဝန်ကြီးဌာနမှတာဝန်ရှိသူများ တွေ့ဆုံခဲ့စဉ်က သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသဘောတူညီမှုအရ ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့်မြန်မာအားကစားသမားများအတွက် အားကစားဝတ်စုံ အထည်(၂၄၀၀)ကို ဂျပန်နာမည်ကြီးဒီဇိုင်နာ ဂျန်ကိုကိုရှီနိုက ဒီဇိုင်းရေးဆွဲကာ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းအားကစားဝတ်စုံများကို ဂျပန်နိုင်ငံရှိ အရည်အသွေးမြင့်ပစ္စည်းများဖြင့် အစအဆုံးချုပ်လုပ်ကာထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီးပြီးခဲ့သည့် အောက်တိုဘာ(၁၅)ရက်ကအားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

## ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်း မန္တလေးအကယ်ဒမီအသင်းကို ရှုံးနိမ့်



လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်း (ဓာတ်ပုံ-သက်ထွန်းအောင်)

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းသည် ပြီးခဲ့သည့်နိုဝင်ဘာ(၁၅)ရက်က မန္တလေးဘောလုံးအကယ်ဒမီလူငယ်အသင်းနှင့် မန္တလာသီရိအားကစားကွင်းတွင် ခြေစမ်းပွဲအဖြစ်ယှဉ်ပြိုင်ကစားခဲ့ရာ(၁-၂)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပြီးခဲ့သည့်အောက်တိုဘာ(၂၇)ရက်မှစ၍ တောင်ကြီးမြို့တွင် နေထိုင်လေ့ကျင့်ခဲ့ပြီး တောင်ကြီးမြို့မှ ဆီးဂိမ်းစ်အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပမည့် မန္တလေးမြို့သို့ နိုဝင်ဘာ(၁၁)ရက်ကပြောင်းရွှေ့ကာ လေ့ကျင့်နေခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် မန္တလေးဘောလုံးအကယ်ဒမီလူငယ်အသင်းများနှင့် ထပ်မံခြေစမ်းကစားသွားရန် စီစဉ်နေကြောင်း သိရသည်။

### မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း

အုပ်ချုပ်သူ - ဦးသန်းတိုးအောင်၊ နည်းပြချုပ် - ကူမာဒါ(ဂျပန်)၊ လ/ထနည်းပြ - ဒေါ်သက်သက်ဝင်း၊ ဂိုးနည်းပြ - ဦးကိုကိုအောင်၊ ဂိုး - မေခင်ယမင်း၊ မြှုပ်ငုံ၊ သင်းသင်းစိုး၊ နောက်တန်း - မြင့်မြင့်အေး၊ စန်းစန်းမော်၊ ဇာခြည်ဦး၊ မိုးမိုးဝါ၊ ရွှေစင်အောင်၊ ဖူးပွင့်ခိုင်၊ ဝေဝေအောင်၊ သီတာဦး၊ အလယ်တန်း - ဝင့်သီရိထွန်း၊ ဇင်မာဝင်း၊ ခင်မာလာထွန်း၊ ခင်သန်းဝေ၊ နော်အားလိုဝါးဖော၊ သန်းသန်းထွေး၊ ရှေ့တန်း - ခင်မိုးဝေ၊ ရီရီဦး၊ မာဂရက်မေရီ၊ ခင်နွေးနွေးရွှေ၊ ယွန်းမီမီလွင်

## မြန်မာနည်းပြနှစ်ဦးကို ထိုင်းခြင်းလုံးအဖွဲ့ ငှားရမ်း

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ထိုင်းခြင်းလုံးအားကစားအဖွဲ့သည် ပြီးခဲ့သည့် အောက်တိုဘာ(၁၆)ရက်မှစ၍ နေပြည်တော်သို့လာရောက်လေ့ကျင့်ခဲ့ပြီးနောက် မြန်မာနည်းပြနှစ်ဦးကိုငှားရမ်းကာ ပြီးခဲ့သည့်နိုဝင်ဘာ(၁၅)ရက်က ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ ထိုင်းခြင်းလုံးအားကစားအဖွဲ့ငှားရမ်းခဲ့သည့် မြန်မာနည်းပြနှစ်ဦးမှာ ဦးမျိုးလှိုင်နှင့်ဒေါ်ကြည်ကြည်ထွေးတို့ဖြစ်ပြီး ယင်းနည်းပြနှစ်ဦးက ဆီးဂိမ်းစ်ပြိုင်ပွဲဝင်မည့်ထိုင်းခြင်းလုံးအားကစားအဖွဲ့ကို ထိုင်းနိုင်ငံတွင် ဆက်လက်သင်ကြားပြသပေးသွားရမည်ဖြစ်ကြောင်း သိရသည်။ ဆီးဂိမ်းစ်၏ ရိုးရာခြင်းလုံးပြိုင်ပွဲကို လာမည့်ဒီဇင်ဘာ(၄)ရက်တွင်စတင်သွားမည်ဖြစ်ကြောင်း သိရသည်။




## ဆီးဂိမ်းစ်ကမ်ပိုပြိုင်ပွဲကို နန်းဆိုင်မိန်း လွဲချော်မည်

လာမည့်ဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြန်မာကမ်ပိုအားကစားအဖွဲ့အတွက် ရွှေတံဆိပ်ဆုမျှော်မှန်းနိုင်သည့် အမျိုးသမီးကစားသမားဖြစ်သူ နန်းဆိုင်မိန်းမှာ ပြိုင်ပွဲကို သေချာပေါက်လွဲချော်ရမည်ဖြစ်ကြောင်း သိရသည်။ နန်းဆိုင်မိန်းသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ကျင်းပခဲ့သည့် ဆီးဂိမ်းစ်အကြို အာဆီယံဖိတ်ခေါ်ကမ်ပိုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရာ၌ ခြေသလုံးရိုးကျိုးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဆေးကုသမှုခံယူနေရသူဖြစ်ကြောင်း သိရသည်။ ယခုအခါ သူမ၏ဒဏ်ရာမှာသက်သာလာပြီဖြစ်၍ အပေါ့စားလေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နေသော်လည်း ဆီးဂိမ်းစ်ပြိုင်ပွဲဝင်နိုင်လောက်သည့် အခြေအနေမျိုးမရှိဟု သက်ဆိုင်ရာဆရာဝန်ကဆုံးဖြတ်ခဲ့သောကြောင့် နည်းပြအဖွဲ့ဝင်အဖြစ်သာ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သိရသည်။

## ဆီးဂိမ်းစ်ပြိုင်ပွဲတွင် အားကစားနည်းများအားလုံးကို ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသသွားမည်


မြန်မာတိုက်ကွမ်ဒိုကစားသမားများကို တွေ့ရစဉ် (ဓာတ်ပုံ-သက်ထွန်းအောင်)

(၂၇)ကြိမ်မြောက်၊ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများအားလုံးကို ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး တိုက်ရိုက်(Live)ပြသမည့် အားကစားနည်းများကိုလည်း ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ကြောင်း သိရသည်။

တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည့် အားကစားနည်းများမှာ ဘောလုံး(ကျား၊ မ)၊ အလေးမ၊ ကာယဗလ၊ ခြင်းလုံး၊ ရေကူး/ဒိုင်ဗင်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ ဘော်လီဘော၊ ပန်ကြပ်ဆီလတ်နှင့် ဂျူဒိုအားကစားနည်းတို့ဖြစ်ကြောင်း သိရသည်။ ပြန်လည်ထုတ်လွှင့်(Delay)ပြသမည့်အားကစားနည်းများမှာ မြင်းစီး၊ ရွက်လှေ၊ ဗိုတန်း၊ မွေ၊ လက်ဝှေ့၊ ဖူဆယ်၊ စက်ဘီး၊ ဗိုဗီနမ်၊ ဘက်စကတ်ဘော၊ လေ့လှော်၊ စစ်တုရင်၊ ဂေါက်သီး၊ ဘိလိယက်၊ မြားပစ်၊ ဝါတာပိုလို၊ သေနတ်ပစ်၊ ဟော်ကီ၊ ကမ်ပိုနှင့် နပန်းအားကစားနည်းတို့ဖြစ်ကြောင်း သိရသည်။ ယင်းအားကစားနည်းအားလုံးကို ထုတ်လွှင့်ပြသမည့် ရုပ်သံလိုင်းများမှာ MRTV၊ MRTV-4 နှင့် Sky Net ရုပ်သံလိုင်းတို့ဖြစ်ပြီး ဆီးဂိမ်းစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားများကိုလည်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီးဂိမ်းစ်ပြိုင်ပွဲကို ကြည့်ရှုအားပေးမည့် အားကစားပရိသတ်များအနေဖြင့် ဝင်ခွင့်ကတ်များပြုလုပ်ရမည်ဖြစ်ပြီး ပြီးခဲ့သည့် နိုဝင်ဘာ(၁၈)ရက်မှစကာ ပြုလုပ်ပေးနေပြီဖြစ်ကြောင်း သိရသည်။ ယင်းကတ်ကို ပြုလုပ်ကိုင်ဆောင်ထားသူသည် ဆီးဂိမ်းစ်ပြိုင်ပွဲ၏မည်သည့်အားကစားနည်းကျင်းပရာနေရာတွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သော်လည်း ဘောလုံးအားကစားနည်းနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကိုမူဝင်ရောက်ကြည့်ရှုခွင့်ရမည်မဟုတ်ကြောင်း သိရသည်။

■ ■ ■

# ဂျပန်ယူ-၂၀ လူငယ်လက်ရွေးစင်အသင်း ရန်ကုန်မြို့သို့ရောက်ရှိလာပြီးနောက် ဆီးဂိမ်းစ်အတွက်ပြင်ဆင်နေသည့် မြန်မာယူ-၂၃အသင်းနှင့် ခြေစမ်းကစားမည်

(၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်၏ အမျိုးသားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၃ အသင်းသည် လာမည့်နိုဝင်ဘာ(၂၀)ရက်၊ ညနေ(၅)နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ဂျပန်ယူ-၂၀ လူငယ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာယူ-၂၃ အသင်းနှင့်ခြေစမ်းကစားရန်အတွက် ဂျပန်ယူ-၂၀ အသင်းသည် ပြီးခဲ့သည့်နိုဝင်ဘာ(၁၈)ရက်က ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် မူလက ဂျပန်ယူ-၂၃အိုလံပစ်လက်ရွေးစင်အသင်းနှင့်ခြေစမ်းကစားရန်အတွက် ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)ထံသို့ ဆက်သွယ်ခဲ့သော်လည်း JFA က ၂၀၁၆ အိုလံပစ်ပြိုင်ပွဲအတွက်ပြင်ဆင်နေသည့် ဂျပန်ယူ-၂၀ အသင်းနှင့်ကစားရန် သဘောတူလက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာယူ-၂၃ အသင်းသည် ပြီးခဲ့သည့်အောက်တိုဘာ(၁၇)ရက်က တောင်ကိုရီးယားနိုင်ငံသို့ထွက်ခွာသွားခဲ့ပြီး ခြေစမ်းပွဲ(၅)ပွဲ ယှဉ်ပြိုင်ကစားခဲ့ကာ အောက်တိုဘာ(၃၁)ရက်တွင် တောင်ကိုရီးယားမှတစ်ဆင့် ဂျပန်နိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့ပြီး ခြေစမ်းပွဲ(၄)ပွဲယှဉ်ပြိုင်ကစားထားခဲ့ကြောင်း သိရသည်။ မြန်မာယူ-၂၃ အသင်းသည် ပြီးခဲ့သည့် နိုဝင်ဘာ(၁၀)ရက်တွင် ဂျပန်နိုင်ငံမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် နိုဝင်ဘာ(၁၄)ရက်မှစ၍ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။ မြန်မာယူ-၂၃ အသင်းသည် လက်ရှိအချိန်၌ ပထာမကစားသမား(၂၆)ဦးဖြင့် လေ့ကျင့်နေလျက်ရှိပြီး လာမည့်ဒီဇင်ဘာ(၆)ရက်မှ အပြီးသတ်ကစားသမားများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာယူ-၂၃ အသင်းသည် ဂျပန်ယူ-၂၀ လူငယ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားပြီးပါက မြန်မာယူ-၂၃(ခ)အသင်း၊ မြန်မာယူ-၁၉ လူငယ်အသင်းများအပါအဝင် ခြေစမ်းပွဲ(၃)ပွဲ ထပ်မံကစားသွားရန်စီစဉ်နေကြောင်း သိရသည်။

**တောင်ကိုရီးယားခရီးစဉ်မှရလဒ်များ**

| | | | |
|---|---|---|---|
| ၂၁-၁၀-၁၃ | မြန်မာယူ-၂၃ | ၁-၁ | ငွမ်ဂျူး FC |
| ၂၃-၁၀-၁၃ | မြန်မာယူ-၂၃ | ၀-၁ | နမ်ဘူးတက္ကသိုလ် |
| ၂၄-၁၀-၁၃ | မြန်မာယူ-၂၃ | ၄-၁ | ဟိုနမ်တက္ကသိုလ် |
| ၂၇-၁၀-၁၃ | မြန်မာယူ-၂၃ | ၀-၁ | မောင့်ပိုစီးတီး |
| ၃၀-၁၀-၁၃ | မြန်မာယူ-၂၃ | ၁-၁ | ချိုတမ်တက္ကသိုလ် |

**ဂျပန်ခရီးစဉ်မှရလဒ်များ**

| | | | |
|---|---|---|---|
| ၄-၁၁-၁၃ | မြန်မာယူ-၂၃ | ၀-၆ | တိုကျိုဆန်ဂါ |
| ၆-၁၁-၁၃ | မြန်မာယူ-၂၃ | ၁-၃ | ကာမာတာမဲလ် |
| ၇-၁၁-၁၃ | မြန်မာယူ-၂၃ | ၅-၀ | အိုဆာကာယူ-၁၈ |
| ၉-၁၁-၁၃ | မြန်မာယူ-၂၃ | ၁-၃ | ဟန်နန်တက္ကသိုလ် |


ပြီးခဲ့သည့်နိုဝင်ဘာ(၁၄)ရက်က လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာယူ-၂၃ အသင်း (ဓာတ်ပုံ-သက်ထွန်းအောင်)

*အုပ်ချုပ်သူ* - ဦးစိုးမိုးကျော်၊ *နည်းပြချုပ်* - ပတ်ဆောင်ဟွာ၊ *နည်းပြ* - ဦးတင်မြင့်အောင်၊ *လ/ထနည်းပြ*- ဦးဇော်ဝင်းထွန်း၊ *ကြံ့ခိုင်ရေးနည်းပြ* - ဟာဟေရှန်း၊ *ဂိုးနည်းပြ* - ဦးမျိုးချစ်၊ ယန်ယောင်မင်၊ *ကာယနည်းပြ* - မိုဟာမက်အဇာ၊ *ဂိုး* - ပြည့်ဖြိုးအောင်၊ ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်၊ ရန်အောင်လင်း၊ *နောက်တန်း* - ဖြိုးကိုကိုသိန်း၊ ဇော်မင်းထွန်း၊ ရန်အောင်ဝင်း၊ သက်နိုင်၊ သိန်းသန်းဝင်း၊ အောင်ဟိန်းကျော်၊ ဇာနည်ထက်၊ ဇင်ဘိုထွန်း၊ အောင်ဇော်၊ *အလယ်တန်း* - ဆက်ဖြိုးဝေ၊ ရဲလင်းအောင်၊ ထူးထူးအောင်၊ ကြည်လင်း၊ အေးပစ်ဒန်း၊ နေလင်းထွန်း၊ စည်သူအောင်၊ ကျော်မင်းဦး၊ *ရှေ့တန်း* - ကျော်ကိုကို၊ ကျော်ဇေယျာဝင်း၊ ကောင်းစည်သူ၊ စိုးကျော်ကျော်၊ အောင်သူ

First Eleven Sports Journal Vol:14 ...35 21, November, 2013

# ချန်ပီယံခံစစ်ခြေစွမ်း

ဆစ်ဗိုင်



၂၀၁၄ ကမ္ဘာ့ဖလားဆင်နွှဲဖို့ အသင်းတွေအားလုံးလည်း တဖြည်းဖြည်းနဲ့ ရုပ်လုံးပေါ်သလောက်ဖြစ်နေပါပြီ။ နိုင်ငံတကာပွဲစဉ်တွေကြောင့် ရပ်နားထားခဲ့ရတဲ့ လိဂ်ပြိုင်ပွဲတွေလည်းပြန်လည်ကစားကြတော့မှာပါ။ လိဂ်ဆိုရင်တော့ပရိသတ်တွေအကြိုက်ဖြစ်တဲ့ပရီးမီးယားလိဂ်၊ အကြောင်းအရာက အာဆင်နယ်အကြောင်း။ ပိုပြီးတိတိကျကျပြောရရင် အာဆင်နယ်ရဲ့ခံစစ်စွမ်းဆောင်ရည်အကြောင်းပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာ အခါးသီးဆုံးပြိုင်ဘက်မန်ယူကို(၁-၀)နဲ့ရှုံးတယ်။ ဒါပေမဲ့ ပရီးမီးယားလိဂ်ထိပ်ဆုံးနေရာကနေ ဆင်းပေးလိုက်ရတာမျိုးမဟုတ်ဘူး။ (၁၁)ပွဲကစားပြီးချိန်မှာ ရမှတ်(၂၅)နဲ့ ဒုတိယနေရာကအသင်းကို(၂)မှတ် ဖြတ်ထားနိုင်တယ်။ အခုမှပွဲစဉ်(၁၁)ပွဲအထိပဲကစားရသေးတာကြောင့် ဒီရာသီရဲ့(၃)ပုံ(၁)ပုံတောင်မရှိသေးပါဘူး။ ဒါပေမဲ့ အာဆင်နယ်အသင်းအနေနဲ့ ဒီရမှတ်၊ ဒီအဆင့်နဲ့ ဒီအချိန်အထိ ထိပ်ဆုံးမှာရပ်တည်နေတာကတော့ ၂၀၀၉-၁၀ နောက်ပိုင်း ပထမဆုံးအကြိမ်ပြန်လည်ရရှိတာပါ။ အဲဒီတုန်းက ပွဲစဉ်(၁၁)ပွဲကစားပြီးချိန်မှာ ဒီလို(၂၅)မှတ်အထိရယူနိုင်ခဲ့ပေမယ့် ရပ်တည်မှုမှာတော့ အဆင့်(၂)နေရာသာ ရရှိခဲ့တာကြောင့်ပါ။ နောက်ပြီး အဲဒီတုန်းက ပေးဂိုးကလည်း (၁၄)ဂိုးအထိရှိခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းနှစ်တွေမှာတော့ အာဆင်နယ်အသင်း ဒီလိုမျိုး မစွမ်းဆောင်နိုင်တော့ပါဘူး။

## တတိယအကောင်းဆုံး

ပွဲစဉ်(၁၁)ကစားပြီးချိန်မှာ ပေးဂိုး(၁၀)ဂိုးသာရှိတဲ့ အာဆင်နယ်အသင်းရဲ့ခံစစ်က အခုနှစ်ပရီးမီးယားလိဂ်မှာ အကောင်းဆုံးစံချိန်တော့မဟုတ်ပါဘူး။ သူ့ရှေ့မှာ ဆောက်သမ်တန်အသင်းက(၅)ဂိုး၊ စပါးအသင်းက(၆)ဂိုးသာပေးထားရတာပါ။ ဒီရာသီမှာ အာဆင်နယ်အသင်းရဲ့ခံစစ်ပိုင်းဟာ ပေးဂိုး(၁၀)ဂိုးသာရှိပေမယ့် ဂိုးမပေးရတဲ့ပွဲ(Clean sheet)ရရှိတဲ့ပွဲကတော့(၃)ပွဲသာရှိပါတယ်။ အာဆင်နယ်ခံစစ်ကနေ မှားယွင်းပြီးပေးလိုက်ရတဲ့ပေးဂိုးကလည်း ဒီရာသီမှာအလွန်နည်းပြီး ခွင့်ပြုသင့်တဲ့ဂိုးတွေကနေပဲ ပေးလိုက်ရတာမျိုးရှိပါတယ်။ ပရီးမီးယားလိဂ်ပထမဆုံး(၄)ပွဲမှာ ပယ်နယ်တီ(၃)ကြိမ်ပေးလိုက်ရပြီးနောက်ပိုင်းမှာ အာဆင်နယ်အသင်းဟာ ဒီအချက်ကိုချက်ချင်းပြင်ဆင်ခဲ့ပြီးနောက်မှာတော့ နောက်ဆုံး(၇)ပွဲဆက်တိုက် ပယ်နယ်တီပေးရခြင်းမျိုးမရှိခဲ့ပါဘူး။

## အာဆင်နယ်ရဲ့ခံစစ်ကျော့က်ဆောင်များ

ဒီရာသီအာဆင်နယ်အသင်းရဲ့ခံစစ်ကို အဓိကထိန်းကျောင်းနေတဲ့ ခံစစ်သမားတွေက ဆက်ဂ်နာ၊ မာတီဆက်ကာ၊ ကိုစီယယ်လ်နီနဲ့ ကီရင်ဂစ်ဘ်တို့ပါ။ ဇာမယ်လန်း၊ မွန်ရီယယ်တို့ကတော့ အရန်သဘောလောက်သာပါဝင်ခွင့်ရတာပါ။ ဒီထဲမှာမှ ဆက်ဂ်နာနဲ့ ကိုစီယယ်လ်နီတို့ရဲ့ စွမ်းဆောင်ရည်တွေက ပိုမိုထက်မြက်လာတယ်လို့ ထပ်ညွှန်းချင်ပါတယ်။ ဆက်ဂ်နာဟာ ဒီရာသီမှာ ဗဟိုခံစစ်မှူးအနေနဲ့ရော၊ ဘယ်အစွန်နေရာတွေမှာပါကစားပေးခဲ့ရသူပါ။ ဒီလိုနေရာစုံကစားပေးရတဲ့အတွက်သူ့ရဲ့စွမ်းဆောင်ရည်တွေက ကျဆင်းသွားတာမျိုးမရှိပါဘူး။ အနည်းငယ်ရုန်းကန်ရမှုတွေရှိပေမယ့် သူဟာ ပရီးမီးယားလိဂ်ရဲ့အကောင်းဆုံး နောက်တန်းညာအစွန်လူတစ်ယောက်ပါ။ နောက်ပြီး သူဟာ အမြင့်ဘောယှဉ်လုမှု(Acrial-duel)မှာ မိနစ်(၃၀)တိုင်းတစ်ကြိမ်အောင်မြင်ပြီးမြေပြင်ယှဉ်လုယူမှု(Ground-duel)မှာလည်း(၃၇)မိနစ်မှာတစ်ကြိမ် အောင်မြင်ထားသူပါ။ ဒီနှုန်းဟာ ခံစစ်အစွန်လူတစ်ယောက်အတွက် တခြားသောဗဟိုခံစစ်မှူးတွေထက် သာလွန်တဲ့နှုန်းဖြစ်ပါတယ်။ ကိုစီယယ်လ်နီဆိုရင်လည်း ရာသီအစ(၄)ပွဲမှာတင် ပယ်နယ်တီ(၂)လုံးပေးရတဲ့အထိ Fouls ဖြစ်ခဲ့တာပါ။ ဒါပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ သူ့ရဲ့အကောင်းဆုံးရှင်းထုတ်မှုပေါင်း(၄၈)ကြိမ်၊ (၄၆)မိနစ်မှာတစ်ကြိမ်ပြုလုပ်နိုင်တဲ့ ပြိုင်ဘက်ဆီကဘောလုံးဖျက်ထုတ်နိုင်မှုတွေနဲ့ သူ့ရဲ့အကောင်းဆုံးပုံစံကို ပြန်ချပြနိုင်ခဲ့ပါတယ်။



Photos : AFP

အာဆင်နယ်အသင်းမှာရှိတဲ့ခံစစ်ကစားသမားတွေက ထိပ်တန်းအဆင့်ကစားသမားတွေမဟုတ်ပါဘူး။ နည်းပြအာစင်ဝင်းဂါးနဲ့ အာဆင်နယ်အသင်းကြောင့် သာသိလာခဲ့တဲ့ သာမန်ခံစစ်ကစားသမားတွေပါ။ ဒါပေမဲ့ အာဆင်နယ်ခံစစ်ဟာ ပြီးခဲ့တဲ့(၆)လတာကာလအတွင်းမှာ ကမ္ဘာ့အဆင့်ရှိတဲ့စုဖွဲ့မှုဖြစ်လာခဲ့ပါတယ်။ နောက်ပြီးအခုနှစ်ရာသီ ကစားပြီးထားချိန်အထိ အာဆင်နယ်ခံစစ် ကြီးကြီးမားမားမှားယွင်းခဲ့တဲ့အမှားက (၃)ကြိမ်လောက်ပဲရှိတာပါ။ ဒါဟာ ပရီးမီးယားလိဂ်ကအသင်းတွေအားလုံးထက်သာတဲ့မှတ်တမ်းတစ်ခုဖြစ်ပါတယ်။ မနှစ်ကဒီလိုအချိန်မှာ (၁၆)မှတ်သာရရှိထားပေမယ့် အခု(၂၅)မှတ်အထိရယူထားနိုင်တဲ့အာဆင်နယ်အသင်းသာ လာမယ့်ခရစ္စမတ်ပွဲကျပ်ကာလမှာ လိုအပ်တဲ့အမှတ်တွေကိုရယူနိုင်မယ်ဆိုရင်တော့ (၈)နှစ်ကြာမက်ခဲ့ရတဲ့ ဖလားလက်မဲ့အိပ်မက်ဆိုးကို ဒီတစ်ကြိမ်မှာတော့ ချေဖျက်နိုင်လိမ့်မယ်လို့ တွေးမိရင်း...။

၂၀၀၀ ခုနှစ်နောက်ပိုင်း အာဆင်နယ်အသင်း၏ ပွဲစဉ်(၁၁)အပြီး အမြင့်ဆုံးရမှတ်ရယူနိုင်ခဲ့သည့်ရာသီများ

| ရာသီ | နိုင် | သရေ | ရှုံး | ရမှတ် | ရပ်တည်မှု |
|---|---|---|---|---|---|
| ၂၀၀၃-၀၄ | ၈ | ၃ | ၀ | ၂၇ | ၂ |
| ၂၀၀၄-၀၅ | ၈ | ၂ | ၁ | ၂၆ | ၁ |
| ၂၀၀၇-၀၈ | ၈ | ၃ | ၀ | ၂၇ | ၁ |
| ၂၀၀၉-၁၀ | ၈ | ၁ | ၂ | ၂၅ | ၂ |

First Eleven Sports Journal Vol:14 No.25 21, November, 2013

# ငွေကြေး၊ အာဏာ၊ ဘောလုံး၊ နိုင်ငံရေး ကစားတဲ့ပွဲ

ကျော်ရင်

ယူရို-ကမ္ဘာ့ဖလား-ယူရို ဖိုင်နယ်ပွဲကြီး(၃)ပွဲဆက်ချန်ပီယံ စပိန်အသင်းရဲ့ ဒီတစ်ပတ်ခြေစမ်းပွဲက ဝေဖန်မှုများစွာနဲ့ပြီးဆုံးခဲ့ပါပြီ။ ပြီးခဲ့တဲ့အပတ်ကတည်းက ဒီအကြောင်းအရာကိုရေးဖို့စိတ်ကူးရှိခဲ့ပေမယ့် ဝိုင်းဝန်းဝေဖန်နေကြတဲ့ ဖိအားတွေအောက်မှာ ဒီပွဲပျက်သွားရင်ဆိုပြီးတွေးမိတာကြောင့် ပွဲကန်ပြီးမှသာရေးဖို့ဆုံးဖြတ်ခဲ့တာပါ။ စပိန်ခြေစမ်းခဲ့တဲ့အသင်းက အီကွေတိုရီယယ်ဂီနီဆိုတဲ့ အာဖရိကအလယ်ပိုင်းဒေသက နိုင်ငံငယ်လေးတစ်ခု။ လူဦးရေအားဖြင့် (၁)သန်းတောင်မပြည့်တဲ့ ဒီနိုင်ငံရဲ့ ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်က (၁၁၉)။ စပိန်ကတော့ နံပါတ်(၁)နေရာမှာ ရပ်တည်နေတဲ့အသင်း။ ဝေဖန်မှုတွေထဲမှာ ဒီအချက်လည်းပါပါတယ်။ စပိန်အသင်းအနေနဲ့ ဒီလောက်အဆင့်ကွာတဲ့အသင်းနဲ့ ဘာခြေစမ်းစရာအကြောင်းရှိသလဲ။ ဒါပေမဲ့ ဒီဝေဖန်ချက်ကိုတော့ လက်မခံနိုင်ပါဘူး။ ဘောလုံးကအားကစားပါ။ အဆင့်သတ်မှတ်ချက်ကွာဟတာနဲ့ ခြေစမ်းခွင့်မရှိတော့ဘူးလား။ အဆင့်သတ်မှတ်ချက်နိမ့်တဲ့အသင်းဟာ ထိပ်ပိုင်းကအသင်းတွေနဲ့ ကစားဖို့မတူဘူးလား၊ မတန်ဘူးလား။ အားကစားမှာ ဒါမျိုးမရှိသင့်ပါဘူး။ ဒါပေမဲ့ ဒီပွဲက အားကစားကိုရည်ရွယ်တာမဟုတ်ဘဲ နိုင်ငံရေးရည်မှန်းချက်၊ စီးပွားရေးရည်မှန်းချက်တွေဖြစ်နေတယ်ဆိုတဲ့ ဝေဖန်မှုတွေကိုတော့ စဉ်းစားစရာဖြစ်လာပါတယ်။ အီကွေတိုရီယယ်(၁-၂)စပိန်ဆိုတဲ့ပွဲက ဒီလိုအရှုပ်အထွေးတွေနဲ့ပြည့်နက်နေတာပါ။

ကမ္ဘာ့ဘောလုံးအင်အားကြီးနိုင်ငံတွေ ခြေစမ်းပွဲတွေက စီးပွားရှာတာဟာ ဒီနေ့ခေတ်မှာ ခုနဲ့ဒေးပါ။ ဒါတွေက မဖြစ်သင့်ဘူးဆိုရင်တောင် ဘာမှတတ်နိုင်တဲ့အနေအထားမှာမရှိပါဘူး။ ဘရာဇီးလ်တို့လို၊ အာဂျင်တီးနားတို့လိုအသင်းတွေလည်းခြေစမ်းပွဲတွေက ငွေကြေးအကျိုးအမြတ်ရှာတယ်။ စပိန်လည်း ရှာတယ်။ စပိန်က ဒီတစ်ပတ်ခြေစမ်းပွဲအတွက် အာဖရိကအသင်းတွေဖြစ်တဲ့ ဂါဘွန်နဲ့ညှိတယ်၊ အန်ဂိုလာနဲ့ညှိတယ်။ မိနစ်(၉၀) ဘောလုံးပွဲတစ်ပွဲခြေစမ်းဖို့အတွက် စပိန်အသင်းကို ယူရို(၂)သန်းပေးရမယ်လို့ တောင်းဆိုတယ်။ ဂါဘွန်က မတတ်နိုင်လို့ လက်လျှော့သွားတယ်။ အန်ဂိုလာလည်း၊ ထို့နည်း၎င်း။ အဲဒီအချိန်မှာ "ဒီကိုလာပါ။ ငါတို့ ပေးမယ်"ဆိုတဲ့ အာဖရိကက နိုင်ငံတစ်ခုပေါ်လာပါတယ်။ အဲဒါက စပိန်ရဲ့ ကိုလိုနီနိုင်ငံဟောင်းဖြစ်တဲ့ အီကွေတိုရီယယ်ဂီနီ။ ဒီလိုနဲ့ ဒီတစ်ပတ်ရဲ့ ခြေစမ်းပွဲက ဖြစ်မြောက်သွားခဲ့ပါတယ်။ ငွေမရှိရင်ခြေစမ်းပွဲမရှိ၊ ရှင်းနေတဲ့ဟာကို အီကွေတိုရီယယ်ဂီနီအားကစားဝန်ကြီးက ဖြောင်ငြင်းပါတယ်။ "လက်ရှိကမ္ဘာ့ချန်ပီယံ စပိန်အသင်းအနေနဲ့ မည်သည့်ငွေကြေးအကျိုးအမြတ်မှမယူဘဲ ကစားဖို့သဘောတူခဲ့ပါတယ်။ နှစ်နိုင်ငံကြားမှာရှိတဲ့ ကြီးမားတဲ့ယဉ်ကျေးမှုဆက်နွယ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုကိုကျေးဇူးတင်ရမှာပါ"လို့ ပြောသွားခဲ့ပါတယ်။ ဒါပေမဲ့ ဒီပွဲအပြီးထွက်လာတဲ့သတင်းတွေအရတော့ စပိန်အသင်းဟာ ဒီခြေစမ်းပွဲအတွက် ယူရို(၁၅)သန်းအထိရရှိသွားတယ်လို့သိရပါတယ်။ ဒီအကြောင်းကို စပိန်နည်းပြ ဒဲလ်ဘော့စ်ကိုမေးတော့ "ဘယ်လို မေးခွန်းမျိုးကိုမဆို အဖြေပေးမှာဖြစ်ပေမယ့် ဒီမေးခွန်းကိုတော့ ပြန်မဖြေနိုင်ပါဘူး"တဲ့။ ဒဲလ်ဘော့စ်မဖြေချင်တာလည်းဖြစ်နိုင်တယ်၊ မသိတာလည်းဖြစ်နိုင်ပါတယ်။ သူက စပိန်ဘောလုံးအဖွဲ့ချုပ်စီစဉ်ပေးတဲ့အတိုင်း ကစားရတာတာပဲမဟုတ်လား။




Photo : AFP, Snappii, Peoplecheck

၁၉၇၉ခုနှစ်နောက်ပိုင်း အာဖရိကမဟုတ်တဲ့အသင်းနဲ့ပထမဆုံးအကြိမ်အဖြစ် အီကွေတိုရီယယ်ဂီနီခြေစမ်းခွင့်ရသွားတဲ့ ကန့်လန့်ကာနောက်ကွယ်မှာ စိတ်ဝင်စားစရာအကြောင်းတွေအများကြီးရှိပါတယ်။ အာဖရိကလူ့အခွင့်အရေးလှုပ်ရှားသူတွေကတော့ ဒီပွဲကို "အာဏာရှင်အုပ်ချုပ်ရေးကိုထောက်ခံတဲ့ပွဲ"လို့ ခေါင်းစဉ်တပ်သတ်ပေးခဲ့ပါတယ်။ ၁၉၇၉ခုနှစ်မှာ စစ်တပ်အာဏာသိမ်းပြီး သမ္မတဖြစ်လာတဲ့ အိုဘီယန်ဟာ ကမ္ဘာပေါ်မှာ နိုင်ငံ့အာဏာကိုအရှည်ကြာဆုံးဆုပ်ကိုင်ထားတဲ့ အာဏာရှင်တစ်ယောက်ပါ။ မိသားစုဝင်တွေကို အုပ်ချုပ်ရေးအဖွဲ့ထဲသွတ်သွင်းထားပြီး လက်ရှိဒုသမ္မတကလည်း သူ့ရဲ့သားဖြစ်ပါတယ်။ နိုင်ငံ့အာဏာကို ကာလရှည်ဆုပ်ကိုင်နိုင်အောင် အခြေခံဥပဒေကိုလည်း ပြင်ဆင်မှုတွေပြုလုပ်ခဲ့ပါတယ်။ ရေနံသယံဇာတပေါကြွယ်ဝမှုကြောင့် အီကွေတိုရီယယ်ဂီနီဟာ အာဖရိကမှာ GNI(Gross Net Income) အမြင့်မားဆုံးနိုင်ငံဖြစ်ပြီး အာဖရိကရဲ့ အနိမ့်ဆုံးနိုင်ငံဖြစ်တဲ့ ဘူရွန်ဒီထက် (၈၃)ဆပိုများပါတယ်။ တိုင်းပြည်ရဲ့ GDP က (၂၀)နှစ်အတွင်း ရာခိုင်နှုန်း (၅၀၀၀)အထိ မြင့်တက်လာခဲ့ပေမယ့် တိုင်းသူပြည်သားတွေကတော့ ဒီအသီးအပွင့်ကိုခံစားခွင့်မရကြပါဘူး။ တိုင်းပြည်ရဲ့ လူဦးရေ (၇၅)ရာခိုင်နှုန်းဟာ တစ်ရက်ဝင်ငွေ(၁)ဒေါ်လာအောက်မှာပဲရှိပြီး ခက်ခက်ခဲခဲရုန်းကန်နေကြရပါတယ်။ ရေနံကရလာတဲ့ ကြွယ်ဝမှုတွေကို အာဏာရှင်အိုဘီယန်နဲ့ ထိပ်တန်းခရိုနီတွေသာခွဲဝေကြရင်း ဆင်းရဲသားပြည်သူတွေကို လျစ်လျူရှုထားခဲ့ကြတယ်။ ဒီအချိန်မှာ အာဏာရှင်အိုဘီယန်က ကမ္ဘာ့နံပါတ်(၁)စပိန်ဘောလုံးအသင်းကို ဖိတ်ခေါ်ခြေစမ်းခဲ့ပါတယ်။ ဘောလုံးအားကစားကို သည်းသည်းလှုပ်ဖြစ်နေတဲ့ ပြည်သူတွေကိုချွေးသိပ်လိုတဲ့ ရည်ရွယ်ချက်ကတစ်ဖက်၊ သူ့ရဲ့ပုံရိပ်ကိုမြှင့်တင်လိုတဲ့ ရည်ရွယ်ချက်ကတစ်ဖက်။ အနိုင်အရှုံး ဘာမှ အရေးမပါတဲ့ ဒီခြေစမ်းပွဲမှာ စပိန်အသင်းကို အနိုင်ရခဲ့ရင် ဆုကြေးဒေါ်လာ(၆.၅)သန်း၊ ဂိုးတစ်ဂိုးသွင်းနိုင်တိုင်း ဆုကြေးဒေါ်လာ(၅)သောင်းဆိုပြီး အာဏာရှင်အိုဘီယန်ရဲ့သား ဒုသမ္မတက မက်လုံးပေးခဲ့ပါတယ်။ စပိန်ကိုဘယ်နည်းနဲ့မှ မနိုင်နိုင်လို့ ဒီလိုဆုကြေးမျိုးပေးတာလို့ ပြောစရာရှိပေမယ့် ရုန်းကန်နေရတဲ့ ပြည်သူတွေအတွက်ဘာမှလုပ်မပေးဘဲ ခြေစမ်းပွဲတစ်ပွဲအတွက် ဒီလိုဆုကြေးထုတ်ခဲ့တာဟာ ဘယ်လိုမှမဖြစ်သင့်ပါဘူး။ စပိန်ကို တစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ အီကွေတိုရီယယ်ဂီနီနောက်ခံလူဂျင်မီဘာမူဒက်ဇ်ဟာ ဒုသမ္မတရဲ့ကတိအတိုင်းဆိုရင် ဒေါ်လာ(၅)သောင်းရရှိတော့မှာပါ။ စပိန်လက်ရွေးစင်အသင်းကိုလည်း Presidential Villas၊ ကွန်းဖရန့်ဟောလ်၊ လူ့လုပ်ကမ်းခြေ၊ (၁၈)ကျင်းပါဝင်တဲ့ဂေါက်ကွင်း၊ ဇိမ်ခံဟိုတယ်တွေနဲ့ ပြည့်နေတဲ့တဲ့ Sipopo ဇိမ်ခံအပန်းဖြေစခန်းမှာ နေရာချထားခဲ့တာကြောင့် မျက်စိစပါးမွေးစူးစရာဖြစ်ခဲ့ပါတယ်။ ဒီပွဲရဲ့ကွင်းဝင်ကြေးဖြစ်တဲ့ အနိမ့်ဆုံးဒေါ်လာ(၁၀)နဲ့ အမြင့်ဆုံးဒေါ်လာ(၁၅၀)ဆိုတာက အခြေခံလူတန်းစားတွေရဲ့ (၂)ပတ်စာဝင်ငွေကနေ (၆)လစာဝင်ငွေလောက်အထိရှိနေတာကြောင့် ပြည်သူတွေအတွက် ရည်ရွယ်တဲ့ ပွဲတစ်ပွဲလို့ မဆိုနိုင်ပါဘူး။ ဒါကြောင့် "အီကွေတိုရီယယ်ဂီနီတရားမျှတမှု"အမည်နဲ့ လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ ဒါရိုက်တာ အေလီကန်တီက "ကျွန်တော်တို့ဆီမှာ မှားယွင်းတဲ့စီးပွားရေး၊ အခွင့်ထူးခံမှုတွေနဲ့ ကြုံတွေ့နေရတယ်။ စပိန်ဘောလုံးအသင်းဟာ ဒီမှာဘောလုံးပွဲကစားတာ မျှတမှုရှိကြောင်းဘယ်လို သက်သေပြမလဲ။ သူတို့(စပိန်)ရဲ့လုပ်ရပ်ဟာ အကျင့်ပျက်ခြစားနေတဲ့ အာဏာရှင်စနစ်နဲ့ ကမ္ဘာ့သက်တမ်းအရှည်ဆုံးသမ္မတရဲ့ ပုံရိပ်ကြီးအောင်၊ လူအများလက်ခံအောင် ထောက်ပံ့ပေးသလိုဖြစ်နေတယ်ဆိုတာကို ဘာကြောင့်သတိမပြုမိရတာလဲ" လို့ ပြစ်တင်ပြောဆိုသွားခဲ့ပါတယ်။

ဒါပေမဲ့ စပိန်လက်ရွေးစင်အသင်းနဲ့ နည်းပြတွေဟာ စပိန်ဘောလုံးအဖွဲ့ချုပ်အောက်မှာရှိနေတယ်ဆိုတာကိုလည်း မေ့မထားသင့်ပါဘူး။ အီကွေတိုရီယယ်ဂီနီအသင်းနဲ့ ခြေစမ်းပွဲကစားခဲ့တယ်ဆိုရင်တောင် စပိန်ဘောလုံးသမားတွေဟာ နိုင်ငံရေးနယ်ပယ်ကသူတွေနဲ့ ဓာတ်ပုံရိုက်ဖို့ငြင်းဆန်ခဲ့ကြပါတယ်။ နည်းပြဒဲလ်ဘော့စ်ကတော့ ဖိအားတွေအောက်မှာ မငြင်းဆန်နိုင်ခဲ့ပါဘူး။ ဒီပွဲကြောင့် စပိန်နိုင်ငံရေးလောကမှာလည်း အတော်လေးဂယက်ရိုက်သွားခဲ့ပါတယ်။ စပိန်အတိုက်အခံနိုင်ငံရေးပါတီတွေက စပိန်ဘောလုံးအဖွဲ့ချုပ်ရဲ့ လုပ်ရပ်ဟာလက်ရှိအစိုးရကို အာဏာရှင်အိုဘီယန်နဲ့ ရင်းနှီးအောင် အားပေးအားမြှောက်ပြုတာပဲလို့စွပ်စွဲကြပါတယ်။ လက်ဝဲယိမ်းပါလီမန်အမတ်တစ်ဦးကလည်း "ဒီပွဲဟာ နိုင်ငံရေးအသွင်ဆောင်တယ်ဆိုတာ ရှင်းနေတာပဲ။ စပိန်ဘောလုံးအဖွဲ့ချုပ်ဟာ ထိလွယ်ရှလွယ်တဲ့ကိစ္စကို ဖန်တီးခဲ့တယ်။ အာဏာရှင်နိုင်ငံဟာ ကမ္ဘာ့ချန်ပီယံရဲ့ထောက်ခံမှုကို ရရှိသွားပြီ"လို့ ပြစ်တင်ခဲ့ပါတယ်။ ဘတ်စ်ကေးအမျိုးသားပါတီရဲ့ ဥပဒေပညာရှင်တစ်ဦးကလည်း "စပိန်ဘောလုံးအဖွဲ့ချုပ်အနေနဲ့ ဘောလုံးအားကစားဟာ အားကစားသက်သက်ဆိုတာထက်ကျင့်ဝတ်ပိုင်းဆိုင်ရာတန်ဖိုးတွေအများကြီးရှိတယ်ဆိုတာ နားလည်သင့်တယ်"လို့ ဝေဖန်သွားခဲ့ပါတယ်။ စပိန်ဘောလုံးအဖွဲ့ချုပ်ကတော့ ဒီခြေစမ်းပွဲကစားဖို့ သက်ဆိုင်ရာဂီနီဘောလုံးအဖွဲ့ချုပ်နဲ့သာ ညှိနှိုင်းခဲ့တာဖြစ်ပြီး မစ္စတာအိုဘီယန်နဲ့ သူ့ရဲ့အာဏာပိုင်တွေနဲ့ပတ်သက်ခဲ့တာမရှိဘူးလို့ ဖြေရှင်းခဲ့ပါတယ်။

စပိန်ဘောလုံးအသင်းရဲ့ ခြေစမ်းပွဲဟာ ယူရို(၁၅)သန်းထက်အများကြီးပိုတဲ့ နိုင်ငံရေးမြှုပ်ကွက်တွေရှိနေတယ်လို့ယူဆနေကြဆဲပါ။ အာဏာရှင်အိုဘီယန်က သူ့ရဲ့ရပ်တည်မှုခိုင်မြဲရေး၊ နိုင်ငံတကာမျက်နှာစာမှာ မျက်နှာပန်းလှရေးအတွက် စပိန်ဘောလုံးအသင်းကိုအသုံးချသွားခဲ့တယ်လို့ ယူဆကြတယ်။ စပိန်နိုင်ငံရေး ခေါင်းဆောင်တွေကလည်း ရေနံကြွယ်ဝပြီး အကျင့်ပျက်မှုတွေနဲ့ပြည့်နေတဲ့ အီကွေတိုရီယယ်ဂီနီနဲ့ ချိတ်ဆက်ဖို့ စပိန်ဘောလုံးအသင်းကိုအသုံးချခဲ့တယ်လို့ ယူဆကြတယ်။ တကယ်ပဲ သမိုင်းဝင်ဖလား(၃)လုံးဆက် ချန်ပီယံစပိန်အသင်းဟာ အားကစားပြင်ပ၊ ဘောလုံးပြင်ပကအသုံးချခံပစ္စည်းတစ်ခု ဖြစ်ခဲ့လေပြီလား။

### ဂီနီနိုင်ငံမှ စပိန်ပွဲထွက်လူစာရင်း

| အမည် | ကစားသည့်နေရာ | ကလပ် |
|---|---|---|
| ရီနာ | ဂိုး | နာပိုလီ |
| ဂျူအန်ဖရန် | နောက်တန်း | အက်သလက်တီကို |
| ဘာထရာ | နောက်တန်း | ဘာစီလိုနာ |
| အီနီဂိုမာတီနက်ဇ် | နောက်တန်း | ဆိုစီဒက် |
| မိုရီနို | နောက်တန်း | ဆီဗီလာ |
| အလွန်ဆို | ကွင်းလယ် | ဖီးယဲယ် |
| နာဗတ်စ် | ကွင်းလယ် | မန်စီးတီး |
| ကာဇိုလာ | ကွင်းလယ် | အာဆင်နယ် |
| ကိုကီ | ကွင်းလယ် | အက်သလက်တီကို |
| မာတာ | ကွင်းလယ် | ချယ်လ်ဆီး |
| နီဂရီဒို | ရှေ့တန်း | မန်စီးတီး |

# ချောက်နှုတ်ခမ်းပေါ်ကပြင်သစ်

ဝေယံအောင်

လာမယ့် ၂၀၁၄ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်အသင်း ပါဝင်နိုင်ဖို့ မျှော်လင့်ချက်နည်းနည်းလေးပဲ ရှိပါတော့တယ်။ ဥရောပဇုန်ခြေစစ်ပွဲမှာ အဆုံးအဖြတ် Play-offပွဲစဉ် ဆင်နွှဲခဲ့ရတဲ့ပြင်သစ်အသင်းဟာ ပထမအကျော့မှာ ယူကရိန်းအသင်းကို (၂-၀)ဂိုးနဲ့အရှုံးနိမ့်ခဲ့တာကြောင့်ပါ။ ဒုတိယအကျော့ကို အိမ်ကွင်းမှာ ပြန်ကစားဖို့ရှိနေသေးတယ်ဆိုပေမယ့် အနည်းဆုံး(၂-၀)ဂိုးနဲ့ ပြန်နိုင်ဖို့လိုအပ်နေပြီး ယူကရိန်းကိုသာ ဂိုးပေးခဲ့ရမယ်ဆိုရင် (၃)ဂိုးပြတ်အနိုင်ရဖို့လိုအပ်နေတဲ့အခြေအနေက မလွယ်ကူတာအမှန်ပါပဲ။ ဒါကြောင့်လည်း ဥရောပအားကစားမီဒီယာအတော်များများက ပြင်သစ်ဒုက္ခရောက်ပြီဆိုတဲ့သဘောမျိုးရေးသားဖော်ပြနေတာပဲ ဖြစ်ပါတယ်။ ပြင်သစ်ဟာ ၁၉၉၈ကမ္ဘာ့ဖလားမှာ ချန်ပီယံဖြစ်ပြီးနောက်ပိုင်း၊ ယူရို-၂၀၀၀မှာ ဗိုလ်စွဲပြီးနောက်ပိုင်း၊ ဒီပြိုင်ပွဲကြီးနှစ်ရပ်စလုံးနဲ့ လွဲချော်ခြင်းမရှိတော့တဲ့ ဥရောပအင်အားကြီးအသင်းတစ်သင်းအဖြစ် ရပ်တည်နေတဲ့အသင်းပါ။ လက်ရှိအသင်းကလည်း ပရီးမီးယားလိဂ်၊ လာလီဂါ၊ ဘွန်ဒစ်လီဂါနဲ့ စီးရီးအေ ဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲအားလုံးမှာ ခြေစွမ်းပြနေတဲ့ကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့အသင်းပါ။ ဘာကြောင့် စိုးရိမ်စရာအခြေအနေနဲ့ ရင်ဆိုင်နေခဲ့ရတာလဲ။ ဘာကြောင့်လဲ၊ ဆန်းစစ်အဖြေရှာချင်စရာ ကောင်းနေတာတော့ သေချာပါတယ်။

## အောင်ပွဲများနဲ့အတိတ်

ယူရို-၈၄မှာ ပြင်သစ်အသင်းက ဥရောပအကောင်းဆုံးဘောလုံးသမား ပလာတီနီရဲ့ဦးဆောင်မှုနဲ့ ချန်ပီယံဆုရရှိခဲ့ပါတယ်။ ဒါဟာ ပြင်သစ်အသင်းအတွက် ပြိုင်ပွဲကြီးတစ်ခုမှာ ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့တာပါ။ ဒါပေမဲ့ ချန်ပီယံဆုကာကွယ်ရမယ့် ယူရို-၈၈မှာတော့ ခြေစစ်ပွဲမအောင်ခဲ့ပါဘူး။ ဆက်တိုက်ဆင်နွှဲခဲ့ရတဲ့ ၁၉၉၀ ကမ္ဘာ့ဖလားမှာလည်း ခြေစစ်ပွဲမအောင်ခဲ့ပါဘူး။ ဒါပေမဲ့ အောင်မြင်မှုတွေ ပြန်လည်ရှာဖွေနိုင်ဖို့ ဒီအချိန်မှာပဲ စတင်စီစဉ်နေခဲ့ပါပြီ။ ၁၉၈၈ခုနှစ်မှာ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ကလဲရင့်ဖောင်တိန်ဘောလုံးအကယ်ဒမီကို တည်ထောင်ပြီး မျိုးဆက်သစ်ကစားသမားတွေကို မွေးထောင်ဖို့ စီစဉ်ခဲ့တာပါ။ ၁၉၉၈ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ ၁၉၉၂ခုနှစ်မှာ ရွေးချယ်ခံလိုက်ရတဲ့အခါမှာတော့ ဒီစီမံကိန်းအတွက် ပိုပြီး တွန်းအားဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ပြင်သစ်အသင်းရဲ့ ဦးဆောင်မှုအပိုင်းကတော့ ဒီအချိန်ကတည်းက မငြိမ်မသက်ပါ။ ကလဲရင့်ဖောင်တိန်စတော့ ယူရို-၈၄ချန်ပီယံ ဥရောပအကောင်းဆုံးဘောလုံးသမားပလာတီနီကို လက်ရွေးစင်အသင်းနည်းပြအဖြစ်တာဝန်ပေးခဲ့ပေမယ့် ယူရို-၉၂အပြီးမှာ ဟူလီယာနဲ့အစားထိုးလိုက်ပါတယ်။ အုပ်စုအဆင့်က မကျော်နိုင်ခဲ့တာကြောင့်ပါ။ ဟူ လီယာလက်ထက်မှာ ပိုဆိုးသွားပါတယ်။ ၁၉၉၄ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ နောက်ဆုံး(၂)ပွဲဆက်အစွဲရေးနဲ့ ဘူလ်ဂေးရီးယားတို့ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲနဲ့လွဲချော်ခဲ့ရပါတယ်။ ဒီလိုအရှက်ရဖွယ်အခြေအနေကြောင့် ဟူလီယာ ရာထူးက ထုတ်ပယ်ခံခဲ့ရသလို၊ ဝေဖန်ပြစ်တင်မှုများစွာနဲ့ရင်ဆိုင်ခဲ့ရတာကြောင့် ကစားသမားအတော်များများလည်း အနားယူသွားခဲ့ပါတယ်။ ဘူလ်ဂေးရီးယားကို သရေကစားနိုင်ရုံနဲ့ခြေစစ်ပွဲအောင်မြင်မှာဖြစ်ပေမယ့် အိမ်ကွင်းမှာရှုံးနိမ့်ခဲ့တဲ့ပွဲက အဓိကပြဿနာဖြစ်ခဲ့ပြီး အပြန်အလှန်အပြစ်ဖို့မှုတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ဟူလီယာက နောက်ပိုင်းထုတ်ဝေခဲ့တဲ့စာအုပ်ထဲမှာ ဒီရှုံးပွဲအတွက် တောင်ပံကစားသမား ဒေးဗစ်ဂျီနိုလာကို အပြစ်တင်ခဲ့တာကြောင့် ဂျီနိုလာက ပြန်ပြီးတရားစွဲတဲ့အထိ ပြဿနာက ကြီးထွားခဲ့တာပါ။ ပြောမယ်ဆိုရင်တော့ ဒါဟာ ပြင်သစ်ကစားသမားတွေရဲ့စိတ်ဓာတ်ပိုင်း၊ နည်းပြနဲ့ကစားသမားတွေကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး ပထမဆုံးပေါ်ပေါက်ခဲ့တဲ့အရှုပ်အထွေးလို့လည်းဆိုနိုင်ပါတယ်။ ဟူလီယာနေရာ အေမီယက်ကေး ဝင်လာတဲ့အခါမှာတော့ အသင်းကိုလူငယ်တွေနဲ့သွေးသစ်လောင်းပြီး အောင်မြင်မှုတွေ ရယူနိုင်ခဲ့ပါတယ်။ မျှော်မှန်းထားတဲ့အတိုင်း အိမ်ကွင်းပရိသတ်ရှေ့ ၁၉၉၈ ကမ္ဘာ့ဖလားမှာဗိုလ်စွဲခဲ့တာပါ။ သူ့နေရာထပ်ဝင်တဲ့ ရော်ဂျာလီမာရေးကလည်း ယူရို-၂၀၀၀မှာ ချန်ပီယံဆုရယူပြီး ပြင်သစ်ဘောလုံးရဲ့အောင်ပွဲကို ပိုပြီး ခမ်းနားစေခဲ့ပါတယ်။ ဒီအောင်ပွဲတွေမှာလည်း ယူရို-၈၄ တုန်းက ပလာတီနီလို ကြယ်ပွင့်ကစားသမားထပ်မံပေါ်ထွက်ခဲ့ပြီး ဇီဒန်းရဲ့ခြေစွမ်းက အခရာကျခဲ့တာပါ။ ကမ္ဘာ့အဆင့်(၁)နေရာရောက်တဲ့အထိ ဖြစ်ခဲ့တာကြောင့် ဒီကာလဟာပြင်သစ်ဘောလုံးရဲ့သမိုင်းမှာအရှိန်အကောင်းဆုံးလို့သတ်မှတ်နိုင်ပါတယ်။အလှပဆုံးအတိတ်လို့လည်းဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နောက်ပိုင်း ၂၀၀၆ ကမ္ဘာ့ဖလားမှာ ဗိုလ်လုပွဲရောက်ခဲ့တာကလွဲရင် ချန်ပီယံဆုဖလားတွေနဲ့ အလှမ်းဝေးသွားခဲ့ပြီးပြန်လွမ်းချင်စရာအချိန်တွေ ဖြစ်နေခဲ့ရတာကြောင့်ပါ။

## ရှုပ်ထွေးတဲ့အနာဂတ်

အမြင့်ဆုံးအမှတ်ကိုရောက်ခဲ့တဲ့နောက် ပြန်ကျဆင်းခဲ့ရတာ မဆန်းဘူးလို့ဆိုနိုင်ပေမယ့် တစ်ချိန်ကလို အသင်းတွင်းပြဿနာတွေသာမက ရင်ဆိုင်ရမယ့်အရှုပ်အထွေးတွေကလည်း ပြင်သစ်ဘောလုံးရဲ့အနာဂတ်ကို ပိုပြီးဝေဝါးစေမယ့်အလားအလာတွေဖြစ်နေပါတယ်။ တစ်ကျော့ပြန်ကျရှုံးမှုတွေမှာ အထင်ရှားဆုံးက ၂၀၁၀ ကမ္ဘာ့ဖလားနဲ့ နည်းပြဒိုမီနစ်ချ်ပါ။ နိုင်ပွဲပျောက်ပြီး အုပ်စုကလည့်ပြန်ခဲ့ရတဲ့အခြေအနေမှာ ဒိုမီနစ်ချ်နဲ့ ကစားသမားတွေရဲ့ပြဿနာက ခုံရုံးဖွဲ့စစ်ဆေးရတဲ့အထိဖြစ်ခဲ့တာပါ။ ဂိုးပေါက်ပျောက်နေတဲ့ တိုက်စစ်မှူးအနယ်လ်ကာကိုလူစားလဲအနယ်လ်ကာနဲ့စကားအချေအတင်ဖြစ်တော့ ပြိုင်ပွဲကနေ အိမ်ပြန်ပို့ခဲ့တဲ့လုပ်ရပ်ကိုကျန်ကစားသမားတွေက မကျေမနပ်ဖြစ်ပြီးလေ့ကျင့်ရေးမဆင်းဘဲသပိတ်မှောက်ခဲ့တဲ့အခြေအနေက အရုပ်ဆိုးလွန်းခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၀ကမ္ဘာ့ဖလားအပြီးမှာ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ကို မြေလှန်ပြောင်းလဲမှုတွေပြုလုပ်ခဲ့ရပါတယ်၊ တစ်သင်းလုံးကို ပွဲပယ်ပြစ်ဒဏ်(၁)ပွဲချမှတ်ခဲ့ပြီး အဓိက ကစားသမားတွေကို သီးခြားအရေးယူမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌပြောင်းသွားသလို၊ နည်းပြသစ်အဖြစ်လည်း လောရင့်ဘလန့်ကို ခန့်အပ်ခဲ့ပါတယ်။ ဒါပေမဲ့ တစ်ပုံပေါ်နှစ်ပုံဆင့်ဆိုသလိုပဲ အရှုပ်အထွေးတစ်ခုထပ်ပေါ်လာပါတယ်။ လက်ရွေးစင်အသင်းရဲ့ အကယ်ဒမီမှာ လူမည်းကစားသမားတွေကို ကန့်သတ်ချက်နဲ့သာလက်ခံဖို့ လျှို့ဝှက်ညွှန်ကြားထားတယ်ဆိုတဲ့သတင်းထွက်လာခဲ့တာပါ။ ဒါဟာ ဘောလုံးလောကတစ်ခုလုံး တိုက်ဖျက်နေတဲ့လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်ရာရောက်ခဲ့တာကြောင့် ကြီးမားတဲ့ပြဿနာဖြစ်ခဲ့ပြီး သမ္မတကိုယ်တိုင်ဝင်ဖြေရှင်းရတဲ့အထိပါ။ အခိုက်အတန့်အားဖြင့် ပြေလည်သွားခဲ့ပေမယ့် ကစားသမားတွေရဲ့ရင်ထဲရောက်သွားတဲ့ ဒဏ်ရာဒဏ်ချက်ကတော့ လွယ်လွယ်အကင်းသေနိုင်မှာမဟုတ်ပါဘူး။ ပြင်သစ်အသင်းက လူမည်းကစားသမားတွေရဲ့ အဓိကစွမ်းဆောင်မှုတွေနဲ့ပဲ အောင်မြင်မှုတွေရယူနိုင်ခဲ့တာဖြစ်ပြီး လက်ရှိအသင်းမှာလည်း လူမည်းကစားသမားတွေ အများကြီးရှိနေတာပါ။ ဒီတော့ သူတို့ကိုခွဲခြားဆက်ဆံလိုစိတ်ရှိနေတဲ့ ဦးဆောင်သူတွေအတွက် စိတ်ရှင်းရှင်း၊ အာသီသပြင်းပြင်းနဲ့ ကစားပေးချင်စိတ်ရှိနိုင်ပါတော့မလားဆိုတာ သံသယဖြစ်စရာပါ။ လက်ရှိပြင်သစ်အသင်းရဲ့ အနေအထား၊ ကစားသမားအင်အားနဲ့ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ဖို့တောင်မရေရာတဲ့ အခြေအနေဖြစ်နေတာဟာ ဒီရိုက်ခတ်မှုတွေကြောင့်လားဆိုတာလည်း မေးခွန်းထုတ်ချင်စရာပါ။ ဘာပဲဖြစ်ဖြစ် ဒီတစ်ကြိမ်ကျရှုံးမှုမှာ တရားခံဖြစ်ရမှာကတော့ အသင်းရဲ့ရှုံးနိမ့်မှုတွေမှာတာဝန်ယူရလေ့ရှိတဲ့နည်းပြ ဒက်ချမ့်စ်ပဲဖြစ်မှာပါ။ ၁၉၉၈ ကမ္ဘာ့ဖလားနဲ့ ယူရို-၂၀၀၀မှာ ပြင်သစ်အသင်းအောင်ပွဲခံခဲ့စဉ်က အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်ပြီး ချီးကျူးဂုဏ်ပြုမှုများစွာကို သိမ်းပိုက်နိုင်ခဲ့တဲ့ ဒက်ချမ့်စ်အတွက်တော့ ကံကြမ္မာရဲ့ ကျီစယ်မှုနဲ့ရင်ဆိုင်နေရပြီလို့ပဲ ဆိုရမှာပါ။ ယူကရိန်းကို ရှုံးနိမ့်ခဲ့ခြင်းအတွက် ပြင်သစ်သတင်းစာတွေက အမျိုးမျိုးသော ဝေဖန်ပြစ်တင်မှုတွေ ပြုလုပ်ခဲ့ရာမှာ ဒက်ချမ့်စ်ရဲ့လူထုတ်ပုံနဲ့ နည်းစနစ်ပိုင်းတွေမှာ အားနည်းချက်ရှိခဲ့တယ်ဆိုတဲ့ အကြောင်းတွေလည်းပါဝင်ခဲ့ပါတယ်။ သမိုင်းတစ်လျှောက် အဆိုးရွားဆုံးကစားပုံနဲ့ ပြင်သစ်အသင်းလို့ ထိုးနှက်ရေးသားမှုတွေလည်းရှိခဲ့ပါတယ်။ ဒက်ချမ့်စ်အတွက် အိမ်ကွင်းမှာကစားရမယ့်အခွင့်အရေးကျန်ရှိနေဆဲဆိုပေမယ့် ပြင်သစ်ပရိသတ်တွေကတော့လက်လျှော့လိုက်ကြပြီလို့လည်း ဖော်ပြခဲ့ကြပါတယ်။ ပရိသတ်တစ်သောင်းခွဲကျော်ကို "ပြင်သစ်အသင်း ခြေစစ်ပွဲအောင်ဖို့ ယုံကြည်ပါသလား"လို့ မေးခွန်းထုတ်ခဲ့ရာမှာ (၉၀%)နီးပါးက No လို့ ပြန်အဖြေပေးခဲ့တာပါ။

ပြင်သစ်အသင်းကို ဒက်ချမ့်စ် ကယ်တင်နိုင်ဦးမှာလား၊ ဥရောပအကောင်းဆုံးဘောလုံးသမားဆုရရှိထားပြီး ကမ္ဘာ့အကောင်းဆုံးဆုအတွက်လည်း ရေပန်းစားနေတဲ့ရိဘာရီရော ပလာတီနီ၊ ဇီဒန်းတို့လို အစွမ်းပြဖို့ ပြင်သစ်အသင်းကို ဘရာဇီးလ်အရောက် ပို့ဆောင်ပေးနိုင်ဦးမှာလား။ ဒီမေးခွန်းတွေကို ဒုတိယအကျော့မှာ စောင့်ကြည့်ဖို့တော့ လိုအပ်နေပါသေးတယ်။ ပြီးတော့ ပိုပြီး ရှုပ်ထွေးဖို့ရှိနေတဲ့ပြင်သစ်အသင်းရဲ့အနာဂတ်ကိုလည်း စောင့်ကြည့်သွားရဦးမှာပါ။ လက်ရွေးစင်အသင်းရဲ့လူမျိုးရေးခွဲခြားမှုပြဿနာ ရိုက်ခတ်လို့မဆုံးခင်မှာ ကလပ်အသင်းတွေရဲ့အခွန်ပြဿနာကလည်း ရှိလာပြန်တာကြောင့်ပါ။ လာမယ့်နှစ်မှာ တိုးမြှင့်ကောက်ခံမယ့်အခွန်နှုန်းထားသစ်ကြောင့် ကလပ်အသင်းတွေသပိတ်မှောက်မယ့် အစီအစဉ် ယာယီရပ်ဆိုင်းသွားခဲ့ပေမယ့် သမ္မတအော်လွန်ဒ်က လုံးဝအလျှော့ပေးမှာမဟုတ်ဘူးလို့ဆိုထားတာကြောင့် ဒီတိုက်ပွဲက ရှေ့ဆက်ဦးမှာသေချာနေပါတယ်။ ဒီတော့ ပြင်သစ်ဘောလုံးလောကက အရှုပ်အထွေးများစွာနဲ့ ခရီးဆက်ရမှာလည်း သေချာနေပါတယ်။ လောလောဆယ်မှာတော့ ထိပ်သီးအသင်းတွေအားလုံးလိုလို ဝင်ခွင့်လက်မှတ်ရရှိထားတဲ့ ဘရာဇီးလ်ကိုအရောက် လှမ်းနိုင်ဖို့ ခြေစစ်ပွဲအုပ်စုအဆင့်မှာ အဝေးကွင်းရှုံးပွဲလုံးဝမရှိခဲ့တဲ့ယူကရိန်းကို ကျော်ဖြတ်နိုင်မလားဆိုတာသာ….။

| ပြင်သစ်အသင်း၏ ကမ္ဘာ့ဖလားမှတ်တမ်း | | | |
|---|---|---|---|
| ၁၉၃၀ | အုပ်စုအဆင့် | ၁၉၇၄ | ခြေစစ်ပွဲမအောင် |
| ၁၉၃၄ | ပထမအဆင့် | ၁၉၇၈ | အုပ်စုအဆင့် |
| ၁၉၃၈ | ကွာတားဖိုင်နယ် | ၁၉၈၂ | စတုတ္ထ |
| ၁၉၅၀ | နုတ်ထွက် | ၁၉၈၆ | တတိယ |
| ၁၉၅၄ | အုပ်စုအဆင့် | ၁၉၉၀ | ခြေစစ်ပွဲမအောင် |
| ၁၉၅၈ | တတိယ | ၁၉၉၄ | ခြေစစ်ပွဲမအောင် |
| ၁၉၆၂ | ခြေစစ်ပွဲမအောင် | ၁၉၉၈ | ချန်ပီယံ |
| ၁၉၆၆ | အုပ်စုအဆင့် | ၂၀၀၂ | အုပ်စုအဆင့် |
| ၁၉၇၀ | ခြေစစ်ပွဲမအောင် | ၂၀၀၆ | ဒုတိယ |
| | | ၂၀၁၀ | အုပ်စုအဆင့် |



Photo : AFP

First Eleven Sports Journal Vol:14 No.25 21, November, 2013

FIFA

FRIENDLY MATCHES

နိုင်ငံတကာခြေစမ်းပွဲတွေကို ကြားရက်မှာ ကစားသွားမှာဖြစ်ပြီး စောင့်ကြည့်ရမယ့် ပွဲစဉ်အတွဲအဖက်မျိုးတွေပါဝင်နေတာ တွေ့ရပါတယ်။ အင်္ဂလန်-ဂျာမနီ၊ ဘရာဇီးလ်-ချီလီစတဲ့ ပွဲစဉ်တွေက အကြိတ်အနယ်ရှိဖို့ သေချာနေတဲ့ပွဲတွေဖြစ်ပြီး ဒဏ်ရာဝေဖန်မှုတွေကြားထဲက အင်္ဂလန်အသင်း သမိုင်းဝင်ပြိုင်ဘက် ဂျာမနီနဲ့ ရင်ဆိုင်အတွေ့မှာ ရလဒ်ကောင်းဖို့ လိုအပ်နေတာအမှန်ပါ။ ဘရာဇီးလ်-ချီလီပွဲကလည်း ဒေသတွင်းပြိုင်ဘက်အသင်းနှစ်သင်းရဲ့ အနိုင်မခံကစားမယ့်ပွဲမျိုးဖြစ်ပြီး ရလဒ်တွေတက်နေကြတဲ့ အခြေအနေတူ(၂)သင်းရဲ့ပွဲလို့လည်း ဆိုနိုင်ပါတယ်။ တခြားနာမည်ကြီးအသင်းတွေဖြစ်တဲ့ အာဂျင်တီးနား၊ အီတလီ၊ ဟော်လန်စတဲ့အသင်းတွေလည်း ပြိုင်ဘက်ကောင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်ပေမယ့် အနိုင်ရလဒ်ကိုဖန်တီးနိုင်ဖို့ များနေပါတယ်...

# ဝေဖန်မှုတွေကြားထဲက အင်္ဂလန်အသင်း ဂျာမနီကို နိုင်ဖို့ခက်တယ်




လေ့ကျင့်ရေးကွင်းတွင်တွေ့ရသည့် အင်္ဂလန်အသင်းသားများ

## ဘရာဇီးလ် နှင့် ချီလီ

| ဘရာဇီးလ် | နောက်ဆုံး(၄)ပွဲ | | ချီလီ | | |
|---|---|---|---|---|---|
| ပေါ်တူဂီ | W(H) | (3-1) | စပိန် | D(A) | (2-2) |
| တောင်ကိုရီးယား | W(A) | (2-0) | ကိုလံဘီယာ | D(A) | (3-3) |
| ဇမ်ဘီယာ | W(H) | (2-0) | အီကွေဒေါ | W(H) | (2-1) |
| ဟွန်ဒူးရပ်စ် | W(-) | (5-0) | အင်္ဂလန် | W(A) | (0-2) |

အင်္ဂလန်ကိုအနိုင်ရခဲ့တယ်ဆိုပေမယ့် ချီလီရဲ့ခြေစွမ်းက ထိပ်တန်းအဆင့်မဟုတ်ပါဘူး။ အင်္ဂလန်အသင်းရဲ့ ခံစစ်က ညံ့လွန်းလို့ ဂိုးတွေရခဲ့တာပါ။ ဘရာဇီးလ်ခံစစ်က အင်္ဂလန်ထက် အများကြီးတောင့်တင်းသလို၊ အသင်းလိုက်ဟန်ချက်လည်း အများကြီးသာတယ်။ ဘရာဇီးလ်အနိုင်သေချာတယ်။

## ပိုလန် နှင့် အိုင်ယာလန်

| ပိုလန် | နောက်ဆုံး(၄)ပွဲ | | အိုင်ယာလန် | | |
|---|---|---|---|---|---|
| ဆန်မာရီနို | W(A) | (5-1) | သြစတြီးယား | L(A) | (0-1) |
| ယူကရိန်း | L(A) | (0-1) | ဂျာမနီ | L(A) | (0-3) |
| အင်္ဂလန် | L(A) | (0-2) | ကာဇက်စတန် | W(H) | (3-1) |
| ဆလိုဗက်ကီးယား | L(H) | (0-2) | လတ်ဗီးယား | W(H) | (3-0) |

နောက်ဆုံး(၃)ပွဲဆက်ရှုံးထားတဲ့ ပိုလန်ရဲ့ခြေစွမ်းက စိတ်ပျက်စရာကောင်းသလို လီဝန်ဒေါ့စကီး၊ ဘလက်ဇီကောစကီးတို့ရဲ့တိုက်စစ်ပိုင်းကလည်း ရှုံးပွဲ(၃)ပွဲမှာ ဂိုးတစ်ဂိုးမှ မသွင်းနိုင်ခဲ့ပါဘူး။ အိုင်ယာလန်အသင်းကတော့ နောက်ပိုင်းပွဲတွေမှာ ပုံစံကောင်းပြန်ရလာတဲ့အသင်းဖြစ်ပြီး ဂိုးလည်းမြူးနေပါတယ်။ အိုင်ယာလန် သရေကစားသွားနိုင်ပါတယ်။

## အာဂျင်တီးနား နှင့် ဘော့စနီးယား

| အာဂျင်တီးနား | နောက်ဆုံး(၄)ပွဲ | | ဘော့စနီးယား | | |
|---|---|---|---|---|---|
| ပါရာဂွေး | W(A) | (5-2) | ဆလိုဗက်ကီးယား | L(H) | (0-1) |
| ပီရူး | W(H) | (3-1) | ဆလိုဗက်ကီးယား | W(A) | (2-1) |
| ဥရုဂွေး | L(A) | (2-3) | လက်ချင်စတိန်း | W(H) | (4-1) |
| အီကွေဒေါ | D(-) | (0-0) | လစ်သူရေးနီးယား | W(A) | (1-0) |

ဒီပွဲက အမေရိကန်မြေမှာကစားမှာပါ။ အာဂျင်တီးနားက နောက်ဆုံးခြေစမ်းပွဲမှာ အီကွေဒေါနဲ့ ဂိုးမရှိသရေကျခဲ့ပြီး ဘော့စနီးယားကတော့ ခြေစစ်ပွဲတွေအပြီး ပထမဆုံးခြေစမ်းပွဲပါ။ ဒီပွဲမှာတော့ အာဂျင်တီးနား လူစုံထုတ်ပြီး နိုင်ပွဲရဖို့ ကြိုးစားလိမ့်မယ်။ အာဂျင်တီးနားကိုပဲကြိုက်တယ်။

## အင်္ဂလန် နှင့် ဂျာမနီ

နောက်ဆုံး(၄)ပွဲအခြေအနေ

| အင်္ဂလန် | | | ဂျာမနီ | | |
|---|---|---|---|---|---|
| ယူကရိန်း | D(A) | (0-0) | ဖာရိုးကျွန်းစုများ | W(A) | (3-0) |
| မွန်တီနိဂရိုး | W(H) | (4-1) | အိုင်ယာလန် | W(H) | (3-0) |
| ပိုလန် | W(H) | (2-0) | ဆွီဒင် | W(A) | (5-3) |
| ချီလီ | L(H) | (0-2) | အီတလီ | D(A) | (1-1) |

နောက်ဆုံး(၄)ကြိမ်တွေ့ဆုံမှု

| | | | | |
|---|---|---|---|---|
| ၂၉-၂၀၀၁ | ဂျာမနီ | ၁-၅ | အင်္ဂလန် |
| ၂၂-၈-၂၀၀၇ | အင်္ဂလန် | ၁-၂ | ဂျာမနီ |
| ၂၀-၁၁-၂၀၀၈ | ဂျာမနီ | ၁-၂ | အင်္ဂလန် |
| ၂၇-၆-၂၀၁၀ | ဂျာမနီ | ၄-၁ | အင်္ဂလန် |

ဝင်ဘလေမှာ နောက်ဆုံးလာကစားတဲ့ ခြေစမ်းပွဲမှာ ဂျာမနီက ကူရန်ညီ၊ ပန်ဒါတို့ရဲ့ဂိုးတွေနဲ့ (၁-၂)ဆိုတဲ့ အနိုင်ရလဒ်ရထားတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုက တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲမှာဖြစ်ပြီး၊ ဂျာမနီအသင်းက (၄-၁)ဂိုးနဲ့နိုင်ခဲ့တယ်။ လက်ရှိဂျာမနီအသင်းက ၂၀၁၀ တုန်းက အတိုင်းမပြောင်းသေးဘူး။ ပိုကောင်းလာတဲ့ သဘောရှိတယ်။ အင်္ဂလန်အသင်းကတော့ လူငယ်တွေပိုနေရာရလာပြီး၊ အသင်းလိုက်ခြေစွမ်းလည်းပိုကောင်းလာတယ်။ ဒါပေမဲ့ ချီလီကို(၀-၂)ဂိုးနဲ့ အိမ်ကွင်းမှာရှုံးလိုက်တော့ တွက်ဆရခက်သွားတယ်။ ပွဲကြီးတွေမှာ ညှစ်အား၊ ရုန်းအားမရှိသေးဘူးလို့ပဲဆိုရမယ်။ ဒီပွဲမှာ အင်္ဂလန်အသင်းက ဂျရတ်ပြန်ပါလာမယ်လို့ သတင်းထွက်နေတယ်။ ဒါပေမဲ့ လူတော့မစုံသေးဘူး။ ဂျာမနီကလည်း ခါဒီရာဒက်ရာ၊ ရှဝိန်းစတိုင်ဂါဒက်ရာဆိုတဲ့အနေအထားဖြစ်နေပေမယ့် အင်္ဂလန်ကို သရေလောက်တော့ ကစားနိုင်လိမ့်မယ်။

## ခြေစမ်းပွဲစဉ်များ

| | | |
|---|---|---|
| အာဂျင်တီးနား | - | ဘော့စနီးယား |
| ဩစတြေးလျ | - | ကော်စတာရီကာ |
| ရုရှား | - | တောင်ကိုရီးယား |
| ဆလိုဗေးနီးယား | - | ကနေဒါ |
| နော်ဝေ | - | စကော့တလန် |
| တူရကီ | - | ဘီလာရုစ် |
| တောင်အာဖရိက | - | စပိန် |
| ဟော်လန် | - | ကိုလံဘီယာ |
| သြစတြီးယား | - | အမေရိကန် |
| ပိုလန် | - | အိုင်ယာလန် |
| အင်္ဂလန် | - | ဂျာမနီ |
| ဘယ်လ်ဂျီယံ | - | ဂျပန် |
| ဟွန်ဒူးရပ်စ် | - | အီကွေဒေါ |

## ရုရှား နှင့် တောင်ကိုရီးယား

| ရုရှား | နောက်ဆုံး(၄)ပွဲ | | တောင်ကိုရီးယား | | |
|---|---|---|---|---|---|
| အဇာဘိုင်ဂျန် | W(H) | (3-1) | ခရိုအေးရှား | L(H) | (1-2) |
| လူဇင်ဘတ် | W(A) | (4-0) | ဘရာဇီးလ် | L(H) | (0-2) |
| အဇာဘိုင်ဂျန် | D(A) | (1-1) | မာလီ | W(H) | (3-1) |
| ဆားဘီးယား | D(-) | (1-1) | ဆွစ်ဇာလန် | W(H) | (2-1) |

ဒီပွဲကို ယူအေအီးနိုင်ငံ၊ ဒူဘိုင်းမြို့မှာ ကစားမယ်။ တောင်ကိုရီးယားအိမ်ကွင်းမှာဆိုရင် အကြိတ်အနယ်ရှိမယ့်ပွဲတစ်ပွဲဖြစ်နိုင်ပေမယ့် ကြားကွင်းမှာတော့ ခြေစွမ်းကွာပါတယ်။ ရုရှားက ဥရောပထိပ်တန်းအဆင့်ရှိပြီး၊ ခြေစွမ်းလည်းထက်တယ်။ ရုရှားနိုင်မယ်။

## တောင်အာဖရိက နှင့် စပိန်

| တောင်အာဖရိက | နောက်ဆုံး(၄)ပွဲ | | စပိန် | | |
|---|---|---|---|---|---|
| ဘော့ဆွာနာ | W(H) | (4-1) | ချီလီ | D(H) | (2-2) |
| ဇင်ဘာဘွေ | L(H) | (1-2) | ဘီလာရုစ် | W(H) | (2-1) |
| မော်ရိုကို | D(H) | (1-1) | ဂျော်ဂျီယာ | W(H) | (2-0) |
| ဆွာဇီလန် | W(A) | (3-0) | ဂီနီ | W(A) | (1-2) |

စပိန်အသင်းက အာဖရိကအသင်းတွေနဲ့ ဆက်တိုက်ခြေစမ်းနေတယ်။ အသင်းရဲ့ လက်ရှိလူအင်အားကတော့ ကမ္ဘာ့အကောင်းဆုံးစာရင်းဝင်အဆင့်ပါ။ တောင်အာဖရိက က ကမ္ဘာ့ဖလားအပြီး ခြေပိုညံ့သွားတယ်။ အိမ်ကွင်းဆိုပေမယ့် တောင်အာဖရိက ရှုံးဖို့သေချာတယ်။

## ဘယ်လ်ဂျီယံ နှင့် ဂျပန်

| ဘယ်လ်ဂျီယံ | နောက်ဆုံး(၄)ပွဲ | | ဂျပန် | | |
|---|---|---|---|---|---|
| စကော့တလန် | W(A) | (2-0) | ဂါနာ | W(H) | (3-1) |
| ခရိုအေးရှား | W(A) | (2-1) | ဆားဘီးယား | L(A) | (0-2) |
| ဝေးလ်စ် | D(H) | (1-1) | ဘီလာရုစ် | L(A) | (0-1) |
| ကိုလံဘီယာ | L(H) | (0-1) | ဟော်လန် | D(-) | (2-2) |

ဟော်လန်ကို သရေခဲ့ကစားခဲ့တဲ့ ဂျပန်ရဲ့ ခြေစွမ်းက ချီးကျူးစရာပဲ။ ဘယ်လ်ဂျီယံကလည်း နောက်ဆုံးခြေစမ်းပွဲမှာ ကိုလံဘီယာကိုရှုံးခဲ့တယ်။ ဒါပေမဲ့ ဒီပွဲက ဘယ်လ်ဂျီယံကွင်းမှာ ကစားမှာဖြစ်တယ်၊ ခြေစွမ်းလည်း ကွာပါတယ်။ ဘယ်လ်ဂျီယံအနိုင်သေချာတယ်။

## ဟော်လန် နှင့် ကိုလံဘီယာ

| ဟော်လန် | နောက်ဆုံး(၄)ပွဲ | | ကိုလံဘီယာ | | |
|---|---|---|---|---|---|
| အန်ဒိုရာ | W(A) | (2-0) | ဥရုဂွေး | L(A) | (0-2) |
| ဟန်ဂေရီ | W(H) | (8-1) | ချီလီ | D(H) | (3-3) |
| တူရကီ | W(A) | (2-0) | ပါရာဂွေး | W(A) | (2-1) |
| ဂျပန် | D(-) | (2-2) | ဘယ်လ်ဂျီယံ | W(A) | (0-1) |

ဘယ်လ်ဂျီယံလို အသင်းကောင်းတစ်သင်းကို အဝေးကွင်းမှာ (၂)ဂိုးပြတ်နိုင်ခဲ့တဲ့ ကိုလံဘီယာရဲ့ခြေစွမ်းက လျှော့တွက်လို့မရဘူး။ ဟော်လန်ကလည်း ဂျပန်နဲ့ ခြေစမ်းပွဲမှာ သာမန်ခြေစွမ်းပဲရှိတယ်။ ဒီပွဲကတော့ ဟော်လန်အသင်းရဲ့ အိမ်ကွင်းမှာကစားမှာဖြစ်လို့ ဟော်လန်အနိုင်ရမှာပါ။

## သြစတြီးယား နှင့် အမေရိကန်

| သြစတြီးယား | နောက်ဆုံး(၄)ပွဲ | | အမေရိကန် | | |
|---|---|---|---|---|---|
| ဂျာမနီ | L(A) | (0-3) | မက္ကဆီကို | W(H) | (2-0) |
| အိုင်ယာလန် | W(H) | (1-0) | ဂျမေကာ | W(H) | (2-0) |
| ဆွီဒင် | L(A) | (1-2) | ပနားမား | W(A) | (3-2) |
| ဖာရိုးကျွန်းစုများ | W(A) | (3-0) | စကော့တလန် | D(H) | (0-0) |

အမေရိကန်က ဥရောပကို နောက်ဆုံးလာကစားတဲ့ပွဲမှာ ဘော့စနီးယားလိုအသင်းကို (၃-၄)ဂိုးနဲ့ အနိုင်ရခဲ့တယ်။ ဒီပွဲမှာလည်း သြစတြီးယားအိမ်ကွင်းဆိုပေမယ့် ခြေစွမ်းအရရော၊ လက်ရှိရလဒ်ပိုင်းအရပါ သြစတြီးယားထက်သာနေလို့ အမေရိကန်ကိုပဲကြိုက်တယ်။

## ဟွန်ဒူးရပ်စ် နှင့် အီကွေဒေါ

| ဟွန်ဒူးရပ်စ် | နောက်ဆုံး(၄)ပွဲ | | အီကွေဒေါ | | |
|---|---|---|---|---|---|
| ပနားမား | D(H) | (2-2) | ဘိုလီးဗီးယား | D(A) | (1-1) |
| ကော်စတာရီကာ | W(H) | (1-0) | ဥရုဂွေး | W(H) | (1-0) |
| ဂျမေကာ | D(A) | (2-2) | ချီလီ | L(A) | (1-2) |
| ဘရာဇီးလ် | L(-) | (0-5) | အာဂျင်တီးနား | D(-) | (0-0) |

ဘရာဇီးလ်ကိုဂိုးပြတ်ရှုံးခဲ့တဲ့ ဟွန်ဒူးရပ်စ်က ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်အသင်းတွေထဲမှာ အားအနည်းဆုံးအသင်းတစ်သင်းဖြစ်တယ်၊ အီကွေဒေါက တောင်အမေရိကဇုန်မှာ တိုက်ရိုက်ခြေစစ်ပွဲအောင်လာတဲ့အသင်းပါ။ အမေရိကန်မှာ ကစားမယ့်ပွဲမှာ အီကွေဒေါပဲနိုင်လိမ့်မယ်။

First Eleven Sports Journal Vol:14 No.25 21, November, 2013

*အာဆင်နယ်က အမှတ်သိပ်မပြတ်တော့တဲ့ အနေအထားမှာ ထပ်ပြီးအမှားခံမယ်မထင်ဘူး။ မန်ယူကို အရှုံးနိမ့်ခဲ့တာက အာဆင်နယ်ခြေကျသွားတာမျိုးမဟုတ်သလို၊ ဒီတစ်ပတ်ကစားရမှာက အိမ်ကွင်းဖြစ်နေတဲ့အပြင် သူတို့ရဲ့ ချန်ပီယံမျှော်လင့်ချက် ထပ်မယိုင်သွားဖို့ မဖြစ်မနေ နိုင်ပွဲပြန်ယူပြမှာပါ။ ဒီအချိန်မှာ အနီးကပ်ဆုံးပြိုင်ဘက် လီဗာပူးလ်အသင်းက အဲဗာတန်အသင်းနဲ့ မာဆေးဆိုက်ဒ်ဒါဘီ ကစားရမှာဖြစ်လို့ အာဆင်နယ်နဲ့ အမှတ်ကွာဟချက်ပြန်များသွားမလားဆိုတာ တွေ့ရပါမယ်။ နောက်ထပ်ပွဲကောင်းတစ်ပွဲကတော့ မန်စီးတီးနဲ့ စပါးတို့ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး ဒီပွဲမတိုင်ခင် ရှုံးပွဲကိုယ်စီတွေ့ခဲ့ကြတဲ့ နည်းပြ(၂)ဦး ထပ်မှားလို့မရတော့တဲ့ပွဲဖြစ်ပါတယ်။ ချယ်လ်ဆီး၊ မန်ယူစတဲ့အသင်းတွေ အဝေးကွင်းမှာမာကျောတဲ့အသင်းတွေနဲ့ ကစားရမှာဖြစ်ပေမယ့် နိုင်ပွဲရဖို့တော့ သိပ်မခက်ပါဘူး။..*

**ပရီးမီးယားလိဂ်ပွဲစဉ် (၁၃)**

၃၀/၁-၁၁/၁၂-၂၀၁၃

| | | |
|---|---|---|
| ဗီလာ | - | ဆန်းဒါးလန်း |
| ကာဒစ်ဖ် | - | အာဆင်နယ် |
| အဲဗာတန် | - | စတုတ်စီးတီး |
| နော့ဝစ်ချ် | - | ခရစ္စတယ်ပဲလေ့စ် |
| ဝက်စ်ဟမ်း | - | ဖူလ်ဟမ် |
| နယူးကာဆယ် | - | ဝက်စ်ဘရွန်း |
| စပါး | - | မန်ယူ |
| ဟားလ်စီးတီး | - | လီဗာပူးလ် |
| ချယ်လ်ဆီး | - | ဆောက်သမ်တန် |
| မန်စီးတီး | - | ဆွမ်ဆီး |

# ချန်ပီယံမျှော်လင့်ချက်မယိုင်သွားဖို့ နိုင်ပွဲယူမယ့်အာဆင်နယ်

## ပ ရီး မီး ယား လိဂ် ပွဲ စဉ် (၁၂) ပွဲ ကြို သုံး သပ် ချက်

Photo: AFP




စပါးတိုက်စစ်မှူးဒီဖိုး၏ထိုးဖောက်မှုကို မန်စီးတီးနောက်ခံလူကွန်ပနီ ဟန့်တားနေစဉ်

### အဲဗာတန် နှင့် လီဗာပူးလ်

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| အဲဗာတန် | L(A) | W(H) | W(A) | D(H) | D(A) |
| လီဗာပူးလ် | W(H) | D(A) | W(H) | L(A) | W(H) |

အဲဗာတန်အသင်းက အိမ်ကွင်းရလဒ်အတော်လေးကောင်းတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပရီးမီးယားလိဂ်အိမ်ကွင်း(၄)ပွဲမှာ ချယ်လ်ဆီး၊ နယူးကာဆယ်နဲ့ ဟားလ်စီးတီးကိုနိုင်ပြီး၊ စပါးကို သရေကစားထားတယ်။ ဒီအနေအထားက လီဗာပူးလ်ကိုလည်း ကြောက်စရာမလိုတဲ့အနေအထားလို့ဆိုရမယ်။ လီဗာပူးလ်အကောင်းဆုံးပုံစံရနေတာမှန်ပေမယ့် မြို့ခံပြိုင်ဘက်အသင်းရဲ့ကွင်းမှာတော့ ရှန်းကန်ရမှာပါ။ သရေကျဖို့များတဲ့ပွဲဖြစ်ပြီး၊ နိုင်ရင်လည်းအိမ်ရှင်ပဲ။

### အာဆင်နယ် နှင့် ဆောက်သမ်တန်

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| အာဆင်နယ် | D(A) | W(H) | W(A) | W(H) | L(A) |
| ဆောက်သမ်တန် | W(H) | D(A) | W(H) | D(A) | W(H) |

ဆောက်သမ်တန်က အကောင်းဆုံးပုံစံရနေပြီး ကစားကွက်လည်း ငြိမ်တယ်။ အာဆင်နယ်အသင်းကလည်း ပရီးမီးယားလိဂ်မှာ နိုင်ပွဲတွေဆက်နေတဲ့အသင်းပါ။ အထူးသဖြင့် အိမ်ကွင်းခြေစွမ်းအရမ်းကောင်းပြီး၊ (၄)ပွဲဆက်နိုင်ထားတယ်။ လီဗာပူးလ်ကိုလည်း နောက်ဆုံးအိမ်ကွင်းပွဲမှာအနိုင်ကစားထားတယ်။ ကစားဟန်တူပြီး၊ ဆွဲဆောင်မှုရှိတဲ့အသင်းတွေပါ။ ဆောက်သမ်တန်ခံစစ်က မာကျောပေမယ့် အာဆင်နယ်အနိုင်သေချာပါတယ်။

### ဟားလ်စီးတီး နှင့် ပဲလေ့စ်

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| ဟားလ်စီးတီး | D(H) | L(A) | L(A) | W(H) | L(A) |
| ပဲလေ့စ် | L(A) | L(H) | L(H) | L(A) | D(H) |

ဟားလ်စီးတီးက အိမ်ကွင်းနောက်ဆုံး(၃)ပွဲမှာ ဝက်စ်ဟမ်းနဲ့ ဆန်းဒါးလန်းကိုနိုင်ပြီး ဗီလာကိုသရေကစားခဲ့တယ်။ ပဲလေ့စ်က အဝေးကွင်းမှာ သရေတောင်မရတာကြာပြီ။ ဆက်တိုက်ရှုံးပွဲတွေဆက်ခဲ့တယ်။ ဒီ(၂)သင်းရဲ့ လက်တလော အိမ်ကွင်း၊ အဝေးကွင်းရလဒ်တွေက ကွာခြားသလို ခြေစွမ်းကလည်း ကွာပါတယ်။ အထူးသဖြင့် ဟားလ်စီးတီးရဲ့ ကွင်းလယ်ကို ပဲလေ့စ်ကွင်းလယ်က မယှဉ်နိုင်ပါဘူး။ အိမ်ကွင်းမှာ ဟားလ်စီးတီးနိုင်ပွဲရဦးမှာပါ။

### ဖူလ်ဟမ် နှင့် ဆွမ်ဆီး

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| ဖူလ်ဟမ် | W(H) | W(A) | L(A) | L(H) | L(A) |
| ဆွမ်ဆီး | L(A) | W(H) | D(H) | L(A) | D(H) |

ဖူလ်ဟမ်အသင်းရဲ့ အိမ်ကွင်းရလဒ်တွေက သိပ်မစွံသလို၊ ဆွမ်ဆီးကလည်း ဒီရာသီမှာ အိမ်ကွင်းလောက်ပဲ ပုံစံကောင်းပြနိုင်တာကို ထည့်တွက်ရမယ်။ ပြီးခဲ့တဲ့ရာသီကလို မာကျောမှုမျိုး မတွေ့ရသလို၊ မိချူးဦးဆောင်တဲ့တိုက်စစ်ကလည်း သွင်းဂိုးတွေရဖို့ခက်နေတယ်။ ဖူလ်ဟမ်က အိမ်ကွင်းနောက်ဆုံး(၂)ပွဲမှာ အဲဗာတန်နဲ့ စတုတ်စီးတီးတို့လိုအသင်းတွေကိုတော့ အနိုင်ကစားထားတယ်။ ဒီပွဲလည်း ဖူလ်ဟမ်အသင်းရလဒ်ကောင်းဖို့များပါတယ်။

### နယူးကာဆယ် နှင့် နော့ဝစ်ချ်

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| နယူးကာဆယ် | W(A) | D(H) | L(A) | W(H) | W(A) |
| နော့ဝစ်ချ် | L(H) | L(A) | D(H) | L(A) | W(H) |

ချယ်လ်ဆီးနဲ့ စပါးတို့လို ထိပ်ဆုံး(၅)သင်းစာရင်းဝင်အသင်းတွေကို ဆက်တိုက်အနိုင်ကစားထားတဲ့ နယူးကာဆယ်အသင်း စိတ်ဓါတ်ပိုင်းဆိုင်ရာအရအကောင်းဆုံးအခြေအနေကိုရောက်နေပြီ။ ကြားထဲမှာ နိုင်ငံတကာရက်သတ္တပတ်ခံသွားတာတောင် နမြောဖို့ကောင်းတယ်။ ဒါပေမဲ့ ပြန်အစမှာ နော့ဝစ်ချ်လိုအဝေးကွင်းညံ့တဲ့အသင်းနဲ့ ကစားရတာ နယူးကာဆယ်အတွက် ကံကောင်းပါတယ်။ လိမ့်နေတဲ့အရှိန်တန့်သွားဖို့မရှိပါဘူး။ နယူးကာဆယ်ပဲနိုင်မှာပါ။

### စတုတ်စီးတီး နှင့် ဆန်းဒါးလန်း

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| စတုတ်စီးတီး | L(A) | D(H) | L(A) | D(H) | L(A) |
| ဆန်းဒါးလန်း | L(H) | L(A) | W(H) | L(A) | W(H) |

လိဂ်ဖလားမှာ ဆောက်သမ်တန်၊ ပရီးမီးယားလိဂ်မှာ မန်စီးတီးတို့လိုအသင်းတွေကို ဆက်တိုက်အနိုင်ကစားပြီး ဆန်းဒါးလန်းအသင်း လမ်းကြောင်းမှန်ပေါ် ပြန်ရောက်လာပြီလို့ဆိုရမယ်။ စတုတ်ကတော့ ရာသီအစကတည်းက မှန်မှန်လေးသွားနေတဲ့အသင်းဖြစ်ပြီး၊ ဆက်တိုက်နိုင်တာမျိုး၊ ဆက်တိုက်ရှုံးတာမျိုး သိပ်မရှိဘူး။ ခြေစွမ်းအရဆိုရင်တော့ လက်ရှိအချိန်မှာ ဆန်းဒါးလန်းကိုပိုကြိုက်တယ်။ ဒီပွဲလည်း စတုတ်ကွင်းမှာ ဆန်းဒါးလန်းသရေလောက်ကစားမယ်။

### ဝက်စ်ဟမ်း နှင့် ချယ်လ်ဆီး

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| ဝက်စ်ဟမ်း | W(A) | L(H) | D(A) | D(H) | L(A) |
| ချယ်လ်ဆီး | W(A) | W(H) | W(H) | L(A) | D(H) |

နယူးကာဆယ်ကိုရှုံး၊ ဝက်စ်ဘရွန်းကိုသရေကစားခဲ့တဲ့ ချယ်လ်ဆီးအတွက် ခက်ခဲဦးမယ့်ပွဲတစ်ပွဲပါ။ ဝက်စ်ဟမ်းက အသင်းကြီးတွေကို ဒုက္ခပေးတတ်သလို၊ အိမ်ကွင်းလည်းမာတယ်။ ဒါ့အပြင် လန်ဒန်မြို့ခံကလပ်အသင်းတွေအချင်းချင်းဖြစ်နေလို့ ချယ်လ်ဆီးကို အခက်တွေ့စေဦးမယ်။ ဒါပေမဲ့ အိမ်ကွင်းမှာ ပွဲကြီးတွေဆို အကြိတ်အနယ်ကစားပြီး၊ ရှုံးသွားတာမျိုးက ပိုများနေပါတယ်။ ချယ်လ်ဆီးကလည်း နိုင်ပွဲရှာရတော့မယ့်အချိန်ဖြစ်လို့ ချယ်လ်ဆီးကိုကြိုက်တယ်။

### မန်စီးတီး နှင့် စပါး

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| မန်စီးတီး | W(H) | W(A) | L(A) | W(H) | L(A) |
| စပါး | L(H) | W(A) | W(H) | D(A) | L(H) |

မန်စီးတီးအသင်းက နောက်ပိုင်းပွဲတွေမှာ ဆက်တိုက်ဂိုးမြူးနေတယ်။ စပါးခံစစ်ကလည်း အဝေးကွင်းနောက်ဆုံး(၅)ပွဲမှာ အာဆင်နယ်တစ်သင်းတည်းကို ဂိုးပေးခဲ့ရတယ်။ ဒါ့အပြင် ပြိုင်ပွဲစုံနောက်ဆုံးအဝေးကွင်း(၅)ပွဲမှာ (၄)ပွဲနိုင်၊ (၁)ပွဲသရေကျခဲ့ပြီး၊ ပေးဂိုးလုံးဝမရှိခဲ့ဘူး။ လက်ရှိအချိန်မှာ မန်စီးတီးက ပိုကောင်းတဲ့အနေအထားကို ပိုင်ဆိုင်ထားတယ်။ ဒါပေမဲ့ စပါးအသင်းရဲ့ လူအင်အားနဲ့ ခြေစွမ်းကလည်း မန်စီးတီးကို ယှဉ်နိုင်ပါတယ်။ သရေကျသွားမယ်။

### ကာဒစ်ဖ်စီးတီး နှင့် မန်ယူ

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| ကာဒစ်ဖ် | L(H) | L(A) | D(A) | W(H) | L(A) |
| မန်ယူ | W(A) | D(H) | W(H) | W(A) | W(H) |

တန်းတက်အသင်းတစ်သင်းဆိုပေမယ့် လက်ရှိချန်ပီယံအသင်း ခက်ခက်ခဲခဲကစားရလိမ့်မယ်။ ကာဒစ်ဖ်က အိမ်ကွင်းမှာ ရှန်းအားကောင်းတယ်။ ပရီးမီးယားလိဂ် အိမ်ကွင်းနောက်ဆုံး(၅)ပွဲမှာ မန်စီးတီး၊ ဆွမ်ဆီးတို့ကိုနိုင်ပြီး အဲဗာတန်ကို သရေခံကစားခဲ့တယ်။ ဒါ့အပြင် ကာဒစ်ဖ်ရဲ့ ခံစစ်ကလည်း အိမ်ကွင်းမှာဆိုရင် ကျစ်ကျစ်လျစ်လျစ်ရှိတာတွေ့ရတယ်။ မန်ယူကလည်း နောက်ပိုင်းပွဲတွေမှာ ခြေပြန်တက်လာပါပြီ။ မန်ယူနိုင်ဖို့တော့ရှိတယ်။ ဂိုးတော့မပြတ်နိုင်ဘူး။

### ဝက်စ်ဘရွန်း နှင့် ဗီလာ

**CURRENT FORM**

| | | | | | |
|---|---|---|---|---|---|
| ဝက်စ်ဘရွန်း | D(H) | D(A) | L(A) | W(H) | D(A) |
| ဗီလာ | D(A) | L(H) | L(H) | D(A) | W(H) |

အက်စတွန်ဗီလာက ရာသီအစက ခံစစ်ညံ့သလောက် နောက်ပိုင်းပွဲတွေမှာ ခံစစ်စွမ်းဆောင်ရည်က အကောင်းဆုံးပုံစံပြနေတယ်။ ပရီးမီးယားလိဂ်အဝေးကွင်းနောက်ဆုံး(၃)ပွဲမှာ (၁)ပွဲနိုင်၊ (၂)ပွဲသရေကစားခဲ့ပြီး၊ (၃)ပွဲလုံးပေးဂိုးလုံးဝမရှိခဲ့ဘူး။ ဝက်စ်ဘရွန်းကလည်းမာကျောပြီး၊ တိုက်စစ်ပိုင်းက ခြေစွမ်းပြနေတယ်။ ဒီပွဲမှာတော့ ဝက်စ်ဘရွန်းအသင်းဂိုးရဖို့ ခက်ခက်ခဲခဲရုန်းကန်ရလိမ့်မယ်။ ဗီလာရဲ့ လက်ရှိခံကန်အားကြောင့် သရေလည်းကျသွားနိုင်တယ်။

first ELEVEN
NO.25 VOLUME 14 21-11-2013 THURSDAY SPORTS JOURNAL
SUPPLEMENT အချင်း

# (၂)ဂိုးပြတ်အရှုံးကို ချေဖျက်နိုင်ရမည်ဟု ပြင်သစ်နည်းပြဒက်ချမ့်စ် ကြုံးဝါး

## ခြေစစ်ပွဲ Play-off ပွဲစဉ်တိုင်းတွင် ယူကရိန်းအသင်းအရေးနိမ့်ထားသည့် မှတ်တမ်းရှိ

ပြင်သစ်နည်းပြဒက်ချမ့်စ်က လာမည့်ကမ္ဘာ့ဖလားခြေစစ်ပွဲ အဆုံးအဖြတ် Play-off ပွဲစဉ်တွင် ပထမအကျော့(၂)ဂိုးပြတ်အရှုံးကို ချေဖျက်နိုင်ရမည်ဟု ယုံကြည်ကြောင်း ကြုံးဝါးပြောကြားခဲ့သည်။


Photo : AFP

ပြင်သစ်အသင်းသည် ယူကရိန်းမြေတွင်ယှဉ်ပြိုင်ခဲ့သည့် ပထမအကျော့ပွဲစဉ်၌ (၂-၀)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး အင်္ဂါနေ့(ယနေ့)တွင် ဒုတိယအကျော့ပွဲစဉ်ကို ပါရီ၌ လက်ခံကစားရမည်ဖြစ်သည်။ ယင်းပွဲအတွက် ပြုလုပ်ခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင် ဒက်ချမ့်စ်က "လွယ်ကူမယ့်ပွဲတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အားလုံးယုံကြည်မှုအပြည့်နဲ့ ယှဉ်ပြိုင်ရမှာပါ။ ယူကရိန်းက (၁၀)ယောက်စလုံး ခံစစ်မှာ ဆင်းခံကစားလိမ့်မယ်လို့ မထင်သလို ကျွန်တော်တို့ကလည်း ပွဲအစကနေ အဆုံးအထိ သူတို့ကို ဖိအားပေးကစားနိုင်ဖို့လည်း လိုအပ်ပါတယ်။ အမြင့်ဆုံးစွမ်းဆောင်ရည်ကိုပြသပြီး ပထမအကျော့ရလဒ်ကို ချေဖျက်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့သည်။ ထို့ပြင် ဒက်ချမ့်စ်သည် သတင်းစာရှင်းလင်းပွဲမတိုင်မီက ပြင်သစ်ပရိသတ်များကို မိမိတို့အသင်းဘက်၌ ယုံယုံကြည်ကြည်ရပ်တည်ပြီး အိမ်ကွင်းတွင် အားပေးထောက်ခံမှုပြုလုပ်ရန် ထုတ်ဖော်တောင်းဆိုထားကြောင်းလည်း သိရှိရသည်။ သို့သော် ခြေစစ်ပွဲမအောင်မြင်နိုင်တော့ဟု မှတ်ချက်ပြုထားကြသည့် ပြင်သစ်ပရိသတ်များမှာ ဒက်ချမ့်စ်ဘက်တွင် ရပ်တည်ခဲ့ခြင်းမရှိဘဲ ပရိသတ်(၁၆%)ကသာ ခြေစစ်ပွဲအောင်မြင်ရမည်ဟု မဲပေးထောက်ခံခဲ့ကြကြောင်း သိရှိရသည်။ ပြင်သစ်တိုက်စစ်မှူး ဂျီရော့ကမူ မိမိတို့အနေဖြင့် ကမ္ဘာ့ဖလားဝင်ခွင့်နေရာရရှိရေးအတွက် အသေအကျေတိုက်ပွဲဝင်သွားရန် အသင့်ရှိနေပြီဖြစ်ကြောင်း သတင်းသမားများအား ပြောကြားခဲ့သည်။

ယင်းအခြေအနေတွင် ပြိုင်ဘက်ယူကရိန်းအသင်း၏ ခြေစစ်ပွဲမှတ်တမ်းများမှာလည်း ပြင်သစ်အသင်းအတွက် အားတက်စရာဖြစ်နေကြောင်း သိရှိရသည်။ ယူကရိန်းအသင်းသည် ကမ္ဘာ့ဖလား(၃)ကြိမ်နှင့် ယူရိုပြိုင်ပွဲ(၁)ကြိမ်တွင် ခြေစစ်ပွဲ Play-off အဆင့်သို့ရောက်ရှိခဲ့ရာ၌ တစ်ကြိမ်မှကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ပြိုင်ဘက်များကိုအရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ခရိုအေးရှား၊ ယူရို-၂၀၀၀တွင် ဆလိုဗေးနီးယား၊ ၂၀၀၂ ကမ္ဘာ့ဖလားတွင် ဂျာမနီ၊ ၂၀၁၀ ကမ္ဘာ့ဖလားတွင် ဂရိတို့ကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

### အင်္ဂါနေ့နံနက်ပိုင်းသတင်းများ

❒ ရိုးမားအသင်းတွင်ခြေစွမ်းပြနေသည့် ကွင်းလယ်လူစထရုမန်း၏အသင်းဟောင်း PSV မှ နည်းပြအက်ဒ်ဗိုကာတ်က စထရုမန်းသည် ရိုးမားတွင်ကာလရှည်ကစားမည် မဟုတ်ဘဲ မန်ယူအသင်းသို့ပြောင်းရွှေ့လိမ့်မည်ဟု သုံးသပ်ခဲ့သည်။

❒ အာဆင်နယ်တိုက်စစ်မှူးဘန်တနာက လက်ရှိအသင်းတွင် နေရာရရန်ရုန်းကန်နေရသော်လည်း ၎င်း၏အနာဂတ်ရည်မှန်းချက်မှာ ဘာစီလိုနာ(သို့)ရီးယဲလ်တွင် ကစားရန်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

❒ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ဒဏ်ရာကြောင့် ဝမ်းနည်းပြီး ဒေါသထွက်ရသော်လည်း ၂၀၁၄ ကမ္ဘာ့ဖလားတွင်ကြံ့ခိုင်မှုအပြည့်ဖြင့်ပါဝင်နိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့သည်။

❒ အာဂျင်တီးနားတိုက်စစ်မှူး အဂွေရိုက ၎င်း၏ရည်မှန်းချက်မှာ ကမ္ဘာ့ဖလားရယူရန်နှင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်လာရန်ဖြစ်သည်ဟု ကြုံးဝါးခဲ့သည်။

❒ ဆွီဒင်ကွင်းလယ်လူ လာဆင်က ကွင်းလယ်ခိုင်ဟောင်းဝပ်ဝက်ဘ်အနေဖြင့် ကြံ့ခိုင်မှုအားပြုသည့်ကစားပွဲများနှင့်အကျွမ်းဝင်နေပြီဖြစ်ရာ (ပေါ်တူဂီကစားသမားများ၏)လှည့်ကွက်အတွင်းသို့ အလွယ်တကူကျရောက်လိမ့်မည်မဟုတ်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

❒ အင်တာနည်းပြမက်ဇာရီက နာပိုလီတွင် ခေါ်ယူခဲ့ဖူးသည့် တိုက်စစ်မှူးကာဗာနီအား ပြန်လည်ခေါ်ယူလိုသော်လည်း နည်းပြတွင် ဆုံးဖြတ်ပိုင်ခွင့်မရှိသဖြင့် တာဝန်ရှိသူများကို တင်ပြသွားမည်ဟု ဆိုခဲ့သည်။

### ခါဒီရာအတွက် လျော်ကြေးယူရို(၂.၅)သန်းခန့် ဖီဖာပေးရဖွယ်ရှိ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာသည် ဂျာမနီလက်ရွေးစင်အသင်းအတွက်ကစားပြီး ဒဏ်ရာရရှိခဲ့သည့် ကွင်းလယ်လူခါဒီရာအတွက် ၎င်း၏အသင်းရီးယဲလ်ထံသို့ လျော်ကြေးယူရို(၂.၅)သန်းခန့်ပေးရဖွယ်ရှိကြောင်း သိရှိရသည်။ ၂၀၁၂ ဇွန်လတွင် စတင်အသက်ဝင်ခဲ့သည့် ဖီဖာ၏ကလပ်အသင်းများကာကွယ်ရေးအစီအစဉ်အရ နိုင်ငံတကာပွဲစဉ်များတွင် ကာလရှည်ဒဏ်ရာရခဲ့သူများ၏လစာကို ဒဏ်ရာရပြီး(၂၈)ရက်အကြာတွင် ဖီဖာမှစတင်ပေးချေရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဖီဖာအနေဖြင့်(၆)လခန့်အနားယူရမည့် ခါဒီရာ၏လစာအတွက် ရီးယဲလ်အသင်းအား တစ်လယူရို(၅-၆)သိန်းနှုန်းဖြင့် (၅)လစာပေးချေသွားရမည်ဖြစ်သည်။

### ဘေယန်ကိုမျက်နှာသာပေးခြင်းမရှိဟု ဂျိုအာချင်လိုးပြောကြား

ဂျာမနီလက်ရွေးစင်နည်းပြ ဂျိုအာချင်လိုးက ဘွန်ဒစ်လီဂါထိပ်သီးနှစ်သင်းဖြစ်သည့် ဘေယန်မြူးနစ်နှင့် ဒေါ့မွန်တို့တွင် ဘေယန်မြူးနစ်အား ပိုမိုမျက်နှာပေးလျက်ရှိသည်ဆိုသည့်သတင်းများကို ငြင်းဆန်ပယ်ချခဲ့သည်။ ဒေါ့မွန်နှင့် ဘေယန်မြူးနစ်တို့ လာမည့် ဘွန်ဒစ်လီဂါပွဲစဉ်၌ဆုံတွေ့နေချိန်တွင် ဂျိုအာချင်လိုးက ဘေယန်ကစားသမားများဖြစ်သည့် နူအာ၊ ဖိလစ်လမ်းတို့အား အင်္ဂလန်ခရီးစဉ်မှချန်လှပ်ကာ ကလပ်အသင်းသို့ ပြန်ခွင့်ပြုခဲ့ပြီး ဒေါ့မွန်ကစားသမားအများစုကို အသုံးပြုရန်ရည်ရွယ်နေသဖြင့် ဝေဖန်ခံနေရခြင်းဖြစ်သည်။ ဂျိုအာချင်လိုးက မိမိအနေဖြင့် ဒေါ့မွန်နှင့် ဘေယန်တို့၏ဆုံတွေ့မှုကို စိတ်မဝင်စားကြောင်း၊ အင်္ဂလန်အသင်းနှင့်ပွဲစဉ်ကိုသာ အာရုံစိုက်ထားကြောင်း ဖြေရှင်းပြောကြားခဲ့သည်။

### ဂျာမနီနှင့်ပွဲတွင် ရွန်နီနှင့်စတာရစ်ချ် ပွဲထွက်မည်ဟု ဟော့ဂ်ဆန်ဆို


Photo : AFP

အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က ဂျာမနီနှင့် ခြေစမ်းပွဲတွင် တိုက်စစ်၌ ရွန်နီနှင့် စတာရစ်ချ်တို့ကို တွဲဖက်ပွဲထုတ်သွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။

လီဗာပူးလ်အသင်းတွင် ခြေစွမ်းပြနေသည့် စတာရစ်ချ်သည် ချီလီကို ရှုံးနိမ့်ခဲ့သောပွဲ၌ ကြံ့ခိုင်မှုမပြည့်ဝ၍ ပါဝင်နိုင်ခဲ့ခြင်းမရှိသော်လည်း ယခုအခါ ဒဏ်ရာပြဿနာကင်းစင်သွားပြီဖြစ်ကြောင်း သိရှိရသည်။ ဟော့ဂ်ဆန်က "ပြီးခဲ့တဲ့ပွဲစဉ်တုန်းက စတာရစ်ချ်အနေနဲ့ ဒဏ်ရာပြဿနာရှိနေပြီး လေ့ကျင့်မှုကောင်းကောင်းမလုပ်နိုင်ခဲ့တာကြောင့် လမ်းဘတ်ကို အခွင့်အရေးပေးခဲ့တာပါ။ အခုတော့ စတာရစ်ချ်ရဲ့အခြေအနေက ကောင်းမွန်နေပါပြီ။ ဒါကြောင့် ဂျာမနီနဲ့ပွဲမှာ သူပွဲထွက်ခွင့်ရပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဘရာဇီးလ်မှာ ဟန်ချက်ညီတဲ့အသင်းတစ်သင်းအဖြစ် ယှဉ်ပြိုင်နိုင်ဖို့ပါ"ဟု ပြောကြားခဲ့သည်။ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိထားပြီဖြစ်သည့် အင်္ဂလန်အသင်းသည် ယင်းပြိုင်ပွဲ၌ ဗိုလ်စွဲရန်ရေပန်းစားနေသည့်အသင်းတစ်သင်းဖြစ်သော ဂျာမနီအသင်းနှင့်ရင်ဆိုင်ရာတွင် ရလဒ်ကောင်းရယူနိုင်ရန်မျှော်မှန်းထားပြီး အဓိကကစားသမားအစုံအလင်ဖြင့်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ ဟော့ဂ်ဆန်သည် အဆိုပါပွဲစဉ်တွင် ဂိုးသမားဂျိုးဟတ်ကိုလည်း ပြန်လည်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

# ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် နိုင်ငံပေါင်း(၁၁)နိုင်ငံမှ အားကစားသမားနှင့် တာဝန်ရှိသူစုစုပေါင်း(၉၀၀၀)ကျော်ပါဝင်မည်



၂၀၁၃ ဆီးဂိမ်းစ်ဖွင့်ပွဲအခမ်းအနားပြုလုပ်မည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(ဓာတ်ပုံ - စိုးညီ)

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် နိုင်ငံ(၁၁)နိုင်ငံမှ အားကစားသမားနှင့် တာဝန်ရှိသူစုစုပေါင်း(၉၃၅၈)ဦး ပါဝင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီထံသို့ သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ပေးပို့ခဲ့သည့်စာရင်းများအရ သိရသည်။

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများနှင့် နည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများစာရင်းကို ပြီးခဲ့သည့်အောက်တိုဘာလ(၂၅)ရက်က သက်ဆိုင်ရာနိုင်ငံများသည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီထံသို့ ပေးပို့ခဲ့ကြသည်။ ယင်းစာရင်းများအရ ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ထိုင်းနိုင်ငံက အားကစားသမားနှင့် တာဝန်ရှိသူစုစုပေါင်း(၁၆၆၀)ဦးဖြင့် လာရောက်မည်ဖြစ်ရာ ပြိုင်ပွဲဝင်နိုင်ငံများအနက် အရေအတွက်အများဆုံးဖြစ်ကြောင်း သိရသည်။ အိမ်ရှင်မြန်မာနိုင်ငံက စုစုပေါင်း(၁၄၆၂)ဦးဖြင့် ယှဉ်ပြိုင်ရန်စီစဉ်ထားသည်။ ထိုင်းနှင့် မြန်မာနောက်တွင် မလေးရှားနိုင်ငံသည် (၁၂၈၅)ဦးဖြင့် လာရောက်မည်ဖြစ်ကာ အရေအတွက် တတိယအများဆုံးဖြစ်သည်။

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် အရှေ့တောင်အာရှဒေသတွင်း (၁၁)နိုင်ငံစလုံး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယင်းတို့အနက် တီမောနိုင်ငံသည် (၁၀၇)ဦးဖြင့် လာရောက်ရန် စာရင်းပေးသွင်းထားရာ ပြိုင်ပွဲဝင်နိုင်ငံများတွင် အရေအတွက် အနည်းဆုံးဖြစ်ကြောင်း သိရသည်။

**၂၀၁၃ ဆီးဂိမ်းစ်တွင်ပါဝင်မည့်နိုင်ငံများ၏ အင်အားအရေအတွက်**

| စဉ် | နိုင်ငံ | အရေအတွက် |
|---|---|---|
| ၁။ | ဘရူနိုင်း | ၁၄၄ |
| ၂။ | ကမ္ဘောဒီးယား | ၃၇၁ |
| ၃။ | အင်ဒိုနီးရှား | ၁၂၄၄ |
| ၄။ | လာအို | ၅၆၂ |
| ၅။ | မလေးရှား | ၁၂၈၅ |
| ၆။ | မြန်မာ | ၁၄၆၂ |
| ၇။ | ဖိလစ်ပိုင် | ၄၇၃ |
| ၈။ | စင်ကာပူ | ၉၀၃ |
| ၉။ | ထိုင်း | ၁၆၆၀ |
| ၁၀။ | တီမော | ၁၀၇ |
| ၁၁။ | ဗီယက်နမ် | ၁၁၅၀ |

## လက်မှတ်များကို MFF မှ ရောင်းချနိုင်ရန် ကြိုးပမ်း

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲ၏ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲကြည့်ရှုခွင့်လက်မှတ်များကို MFF မှတစ်ဆင့် ရောင်းချရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် ဆီးဂိမ်းစ်ပြိုင်ပွဲနှင့် ပတ်သက်သော လက်မှတ်များကို အားကစားဝန်ကြီးဌာနမှသာ ရောင်းချရန်စီစဉ်ထားပြီး ပရိသတ်များအနေဖြင့် ပိုမိုလွယ်ကူစွာ ဝယ်ယူကြည့်ရှုနိုင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှတစ်ဆင့် ရောင်းချရန်စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။ ယင်းအစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား မကြာမီတွင် တရားဝင်ထုတ်ပြန်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

## မြန်မာဒိုင်(၄)ဦး တာဝန်ထမ်းဆောင်ခွင့်ရမည်

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲ၏ ဘောလုံးပွဲစဉ်များတွင် တာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံမှ ဒိုင်လူကြီး(၄)ဦးကို ရွေးချယ်ထားကြောင်း သိရသည်။ အမျိုးသားဘောလုံးပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဦးဝင်းချို၊ အကူဒိုင်လူကြီးအဖြစ် ဦးအောင်မိုး၊ အမျိုးသမီးပွဲစဉ်အတွက် ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဒေါ်စုငြိမ်းအောင်၊ အကူဒိုင်အဖြစ် ဒေါ်စိမ်းချိုအောင်တို့ကို ရွေးချယ်ထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒိုင်ကော်မတီထံမှ သိရသည်။ ထို့ပြင် ဖူဆယ်ပွဲစဉ်များ၌လည်း မြန်မာနိုင်ငံမှ ဦးမြင့်နိုင်နှင့် ဒေါ်အေးအေးမူတို့ကို ရွေးချယ်ထားကြောင်း သိရသည်။ အမျိုးသားဘောလုံးပွဲစဉ်များကို ရန်ကုန်နှင့် နေပြည်တော်၊ အမျိုးသမီးပွဲစဉ်များကို မန္တလေးမြို့တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

## ဆီးဂိမ်းစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲလက်မှတ်များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တွင် ရောင်းချ

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲ၏ ဖွင့်ပွဲနှင့် ပိတ်ပွဲကြည့်ရှုခွင့်လက်မှတ်များကို နိုဝင်ဘာ(၁၈)ရက်က ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် စတင်ရောင်းချခဲ့သည်။

အဆိုပါလက်မှတ်များကို နေပြည်တော်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဂိတ်အမှတ်(၁)၊ ပေါင်းလောင်းကွင်း၊ မြို့မဈေးရှိဆိုင်ခန်းအမှတ်(ပ-၁၁၂)၊ ရန်ကုန်မြို့တွင် ရန်ကုန်လေဆိပ်ဆိုက်ရောက်ခန်းမ၊ ဗိုလ်ချုပ်ဈေးရှိ မိုးယံထီဆိုင်၊ မန္တလေးမြို့တွင် (၈၄)လမ်း၊ (၃၁×၃၂)လမ်းကြားရှိ မိုးယံထီဆိုင်တို့တွင် ရောင်းချခဲ့ခြင်းဖြစ်သည်။ ထို့ပြင် နိုဝင်ဘာလ(၁၈)ရက်မှစတင်၍ နိုဝင်ဘာ(၃၀)ရက်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဖွင့်ပွဲနှင့် ပိတ်ပွဲအတွက် လက်မှတ်များရောင်းချရာ၌ လက်မှတ်များကို တိုက်ရိုက်ရောင်းချခြင်းမဟုတ်ဘဲ အမည်စာရင်းနှင့် ငွေလက်ခံဖြတ်ပိုင်းကိုသာ မှတ်တမ်းတင်ထားကြောင်း သိရသည်။



ရန်ကုန်မြို့၌ လက်မှတ်များရောင်းချနေစဉ်(ဓာတ်ပုံ - သက်ထွန်းအောင်)

## ဘိလိယက်နှင့် စနူကာတွင် အားကစားသမား(၈၁)ဦးပါဝင်မည်

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲ၏ ဘိလိယက်နှင့်စနူကာအားကစားနည်းတွင် နိုင်ငံပေါင်း(၉) နိုင်ငံမှ အားကစားသမား(၈၁)ဦး ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။ ယင်းအားကစားနည်း၌ မြန်မာ၊ လာအို၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားအားကစားသမား(၆၆)ဦးနှင့် အမျိုးသမီး(၁၅)ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ဘိလိယက်နှင့်စနူကာအားကစားနည်း၌ စုစုပေါင်းရွှေတံဆိပ်(၁၂)ခုချီးမြှင့်မည်ဖြစ်ပြီး လာမည့် ဒီဇင်ဘာလ(၁၃)ရက်မှ (၂၀)ရက်အထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံရှိ ဘိလိယက်နှင့် စနူကာခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

## ဆီးဂိမ်းစ်ပြိုင်ပွဲအောင်မြင်ရန် အာမခံနိုင်ကြောင်း ပြောကြား

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲကို အောင်မြင်စွာဖြင့်ကျင်းပနိုင်ရန် အာမခံနိုင်ကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ တွဲဖက်အတွင်းရေးမှူးဖြစ်သူ ဦးခင်မောင်လွင်က "ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာအားကစားပြိုင်ပွဲကြီးတွေ ကျင်းပတဲ့အတွေ့အကြုံပိုင်း အားနည်းချက်ရှိပါတယ်။ ဒါပေမဲ့ ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်မယ်လို့ အာမခံနိုင်ပါတယ်။ ဒီပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်တဲ့ အားကစားသမားတွေ၊ နည်းပြတွေနဲ့ တာဝန်ရှိသူတွေရဲ့ နေထိုင်စားသောက်ရေးကိစ္စတွေ၊ ဆက်သွယ်သွားလာရေးကိစ္စတွေအတွက် လစ်ဟင်းမှုမရှိအောင် အစီအစဉ်တွေပြုလုပ်ထားပါတယ်။ အားကစားရုံ၊ အားကစားကွင်းတွေကလည်း ပြိုင်ပွဲကျင်းပဖို့ အသင့်အနေအထားမှာရှိနေပါပြီ"ဟု ပြောကြားခဲ့သည်။